ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ တနင်္လာနေ့ (18-5-2015) (၈၂၀၉)

## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

## သတ်မှတ်အချိန်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြား



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခေတ်မီခွဲစိတ်ခန်းတွင် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် မေ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်တန်းဗဟိုဌာန၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှု ဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်း ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေး ဆောင်ရွက်ပြီးစီးမှုနှင့် နှလုံးဆေးကုသဆောင် တိုးချဲ့တည်ဆောက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများကို သတ်မှတ်ထားသော အချိန်ကာလအတွင်း အမြန်ပြီးစီးအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




## အနောက်တောင်မုတ်သုံလေ ဝင်ရောက်

**နေပြည်တော် မေ ၁၇**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ရန်ကုန်စတော့အိတ်ချိန်း အောက်တိုဘာလတွင် ဖွင့်မည် စာ » ၂

ဘုရားဖူးများစွာ နေ့စဉ်လာရောက်ဖူးမြော် ကျောက်စိမ်းစေတီတော် စာ » ၉

ဆံနွယ်လေးတွေ သံစဉ်တေးလိပ်ပြာ စာ » ၁၀

အသွင်သစ်! SMART စမတ် ရိုလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား။
ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860
မန္တလေး - 09 2506 38611
ပြတင်း/တံခါး ဆိုဒ် မျိုးစုံကို အိမ်အရောက်တပ်ဆင်ပေးသည်။
အလူမီနီယံနှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန် ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

နဂါးနီ
ဘရိတ်ခါးဆုံးကြိုးတပ်ဆင် ဖြန့်ချီရေး
သင့်လုံခြုံရေးအတွက် နဂါးနီ ကို တာဝန်ပေးပါ။
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
ဆိုင်(၁) - အမှတ်(၇၆) သခင်မြ ဝရန်းလမ်း၊ တာမွေမီးသတ်မျက်နှာချင်းဆိုင်၊
ဆိုင်(၂) - အမှတ်(၁) သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ယာမျက်နှာချင်းဆိုင်၊ တာမွေ။
Ph: 01 450 783, 09 730 20031, 09 730 20032

ကြေးမုံ စာတည်းရှေ့ထောင့် ၁၈-၅-၂၀၁၅ (တနင်္လာနေ့)

# နိုင်ငံ့အကျိုးပြုစွမ်းဆောင်မှု

မြန်မာနိုင်ငံသားများသည် ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ရေးရာအပိုင်းတွင် အခြားနိုင်ငံသားများနှင့်မတူ ထူးကဲသာလွန်သည်ဟု ဆိုချင်ပါသည်။ မေတ္တာတရားလက်ကိုင်ထား၍ သည်းခံတတ်ခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ အချင်းချင်းရိုင်းပင်းကူညီတတ်ခြင်းတို့သည် မြန်မာတို့၏ ပင်ကိုစိတ်ရင်းဖြစ်ပါသည်။

ယခုနိုင်ငံနှင့်ပြည်သူအတွက် ရိုင်းပင်းကူညီမှုဖြင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော သားကောင်းရတနာများကို မြင်တွေ့ရ၍ မြန်မာဆိုသည်မှာ ဤသို့ပါတကားဟု မချီးမွမ်းဘဲ မနေနိုင်အောင် ကောင်းချီးထောမနာပြုမိပါသည်။

ယင်းမှာ ယမန်နေ့က နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ပြုလုပ်ခဲ့သည့် ၂၀၁၅ ခုနှစ်အတွက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ခြင်းပွဲပင်ဖြစ်သည်။ လူပုဂ္ဂိုလ်၊ လုပ်ငန်း၊ နယ်ပယ် ၅၉ မျိုးမှ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် စွန့်လွှတ်စွန့်စားကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများကို ဆုချီးမြှင့်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်နှင့် အကောင်းဆုံးစံပြကျေးရွာ၊ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားနှင့် လုပ်ငန်းရှင်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်နှင့် လုပ်ငန်းရှင်၊ အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်နိုင်သူ၊ အသင်းအဖွဲ့အလိုက် နိုင်ငံ့ဂုဏ်ဆောင်အားကစား၊ အခွန်ဘဏ္ဍာထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်၊ တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်နှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်၊ ဝန်ဆောင်မှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်၊ နိုင်ငံ့အကျိုးပြုအသုံးချ သုတေသနစွမ်းဆောင်ရည်တို့ ပါဝင်သည်။

ထို့အပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်နိုင်သူများနှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အကောင်းဆုံးဆောင်ရွက်နိုင်သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ အများအပြားပါဝင်နေသည်ကို တွေ့ရပါသည်။

မြန်မာတို့၏ စိတ်ရင်းနှင့် နိုင်ငံနှင့် အများအကျိုးအတွက် ဆောင်ရွက်နိုင်မှုများမှာ အံ့ဩလောက်ဖွယ်ဖြစ်ပါသည်။ ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့်လူမျိုးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အတိုင်းအတာကိုယ်စီနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပုံများကို မြင်တွေ့ရသည်မှာ ကမ္ဘာ့အလယ်တွင် နိုင်ငံမကြွယ်ဝမချမ်းသာသော်လည်း လူ၏စိတ်နေ ကြွယ်ဝချမ်းသာသည့်တို့မြန်မာဟု ဂုဏ်ယူမိပါသည်။

ထိုထိုသော လူတန်းစားနှင့်အလွှာအသီးသီးမှာ စံပြုဖွယ်ကောင်းသည့် ဂုဏ်အင်များ ပိုင်ဆိုင်ထားကြသူများဖြစ်ပါသည်။ ထိုသူတို့သည် နိုင်ငံအတွက်၊ ပြည်သူ့အတွက် ကောင်းကျိုးအဖြာဖြာကို ပေးစွမ်းနိုင်သည့်သူများဖြစ်ပါသည်။ စီးပွားရေးကဏ္ဍတွင် ငွေကြေးတတ်နိုင်သဖြင့် တတ်နိုင်သလောက် ပါဝင်ဆောင်ရွက်ကြသလို ငွေကြေးမပါ စေတနာအရင်းခံ သက်သက်ဖြင့် နိုင်ငံနှင့်ပြည်သူအတွက် မွန်မြတ်သောစိတ်ထားဖြင့် စွန့်လွှတ်စွန့်စား ဆောင်ရွက်မှုများအား ကျွန်ုပ်တို့ပြည်သူအားလုံးက နိုင်ငံတော်က ဂုဏ်ပြုသလို ကျွန်ုပ်တို့ကလည်း ပါဝင်ဂုဏ်ပြုကြရမည်ဖြစ်ပါသည်။

ထိုသူ ထိုအဖွဲ့အစည်းများမှာ စံနမူနာပြုများသာဖြစ်ပါသည်။ ကျန်ရှိသော ပြည်သူများ၊ အဖွဲ့အစည်းများ အားလုံးတို့သည်လည်း ထိုနမူနာကို မုဒိတာပွားကာ မိမိတို့လည်း ကျရာကဏ္ဍမှ တတ်စွမ်းသလောက် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက ကျွန်ုပ်တို့နိုင်ငံတော်ကြီး၊ ကျွန်ုပ်တို့ပြည်သူအားလုံး စိတ်လက်ချမ်းသာ ပြည်စုံကြွယ်ဝလာမည်မှာ အမှန်ဖြစ်ပါသည်။ ။

# ရန်ကုန်စတော့အိတ်ချိန်း အောက်တိုဘာလတွင် ဖွင့်မည်

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်း အချိန်မီ ဖွင့်လှစ်နိုင်ရေးအတွက် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း အမှတ် (၂၄-၂၆) (ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အအုံ)တွင် ပြင်ဆင်မွမ်းမံလျက်ရှိသည့် ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံလုပ်ငန်းခွင်ရှိရာသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ရန်ကုန်စတော့အိတ်ချိန်း မန်နေဂျင်း ဒါရိုက်တာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မေ ၁၆ ရက်က ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်စတော့အိတ်ချိန်းတွင် တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် တွေ့ဆုံလျက် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် လုပ်ငန်းအခက်အခဲများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်စတော့အိတ်ချိန်းအဖွဲ့အစည်းကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံကို အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံမွမ်းမံပြင်ဆင်မှုသာမကဘဲ အိုင်တီစနစ်၊ ရန်ကုန်စတော့အိတ်ချိန်းအတွက် စာရင်းရှင်းလင်းရေး ဘဏ်ရွေးချယ်မှု၊ နည်းဥပဒေ၊ ညွှန်ကြားချက်စသည့်တို့ကို စနစ်တကျ ဆောင်ရွက်ထားသည်ကိုတွေ့ရကြောင်း၊ အများပိုင်ကုမ္ပဏီများထဲမှ သင့်တော်ရာ ကုမ္ပဏီများရွေးချယ်၍ အစုရှယ်ယာထုတ်ဝေရောင်းချမှု၊ ထိုသို့ရောင်းချရာတွင် အကူအညီပေးရေးအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်မည့်ကုမ္ပဏီများရွေးချယ်မှုတို့ကိုလည်း စနစ်တကျ အချိန်မီဆက်လက်ဆောင်ရွက်သွားကြရန်နှင့် အများပြည်သူအကျိုး ဦးထိပ်ထားပြီး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စတော့အိတ်ချိန်းဖွင့်လှစ်ခြင်းသည် ပြယုဂ်တစ်ခုသာမဟုတ်ဘဲ နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံသားများအကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်မည့် ကုမ္ပဏီများအတွက် စံသတ်မှတ်ချက်များနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် ပါဝင်ဆောင်ရွက်မည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့ကို မကြာမီ ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# စပါးများ အမိုးအကာအောက် ရောက်ရှိရေး နှိုးဆော်ချက်

၁။ ယခုအချိန်အခါ၌ မိုးဦးလေဦး စတင်ကျရောက်လျက်ရှိပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသော နွေသီးနှံများကို အချိန်မီ ရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက် ရောက်ရှိရေး၊ သီးနှံများ မပျက်စီး မဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် **"ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုနိုင်ကြခြင်းအားဖြင့်"** တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ မပျက်စီးစေရေးအတွက် သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ နိုင်ငံနှင့်အဝှမ်း တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော စပါးသီးနှံများ အလေအလွင့်လျော့နည်းစေရေး၊ အရည်အသွေး ပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ မိသားစုတစ်စုချင်း၏ ဝင်ငွေနှင့် လူနေမှုဘဝကို လက်ငင်းအမှန်တကယ် တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ ကျေးလက်နေ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေး၊ သီးနှံများ အချိန်မီအမိုးအကာအောက်ရောက်ရှိစေရေး၊ "စပါးရိတ်သိမ်းခြွေလှေ့စက်များအား" တောင်သူလယ်သမားများ လက်လှမ်းတမီ အသုံးပြုနိုင်ရေး အဆင့်ဆင့်သော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီ ရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သုံးခွမြို့တွင် မိုးရွာသဖြင့် အပူရှိန်လျော့ကျ

**သုံးခွ မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ပေါ်တွင် မေ ၁၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်မှ ၆ နာရီ ၁၀ မိနစ်ထိ မိုးရွာသွန်းခဲ့သဖြင့် အပူရှိန်လျော့ကျသွားကြောင်း သိရသည်။

"မိုးကအုံ့နေတယ်။ တအားရွာမယ်ထင်နေတာ။ လေပြင်းတိုက်တာတော့ မရှိပါဘူး။ အခုရာသီမှာ အပူရှိန်ကများ၊ မိတ်တွေပေါက်တော့ မိုးကိုမြန်မြန်ရွာစေချင်တယ်။ မိုးက ၁၅ မိနစ်လောက်ပဲရွာတော့ အပူရှိန်လျော့၊ ဖုန်သိပ်တာလောက်ပဲရှိတယ်"ဟု မြို့ပေါ်နေသူတစ်ဦးက ပြောသည်။

**ကိုကျော်(သုံးခွ)**

# ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့် ဒေသများတွင် ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၆ ရက်တွင် တိုင်းဒေသကြီး/ပြည်နယ်လေးခု၊ မြို့နယ် ၁၆ မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများတွင် ရေဂါလန် ၅၅၄၅၀ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သိန်းထွန်းအောင်)**

ရွှေထူးလွင် ချောင်းသာ (တာတည်းငြိမ်း) ၃၀၀၀၀ိ/-၊ (ဖော်တင်ခွန်း) (ငွေဆောင်)
May : 8/15/22/29
Ph : 09450044494, 09450044496, 389920

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
0973071901
02-31505 09 42174 5522, 01-215072

ဦးလှမြင့် အင်္ဂလိပ်စာ၊ စကား၊ သဒ္ဒါနှင့်အရေးသင်တန်း
တက္ကသိုလ်ဝင်ခွင့်သင်တန်းများ
ဆရာနှင့်အချိန်စာရင်း ညှိနိုင်ပါသည်
၁၀တန်းဖြေထားသူများတက်သင့်သည်။
သဒ္ဒါနှင့်အရေး သင်တန်းအတွက် အချိန်စာရင်းသီးသန့်ရှိသည်
အချိန်ပိုင်းအခန်းငှားမည်
၁၅၁၊ ၃၈-လမ်း(လယ်)၊ ကျောက်တံတား။ ၂၄၅၆၂၉၊ ၀၉၄၂၁၇၁၇၆၈၉

နန်းဦးလှိုင် မော်လမြိုင်နှင့် ဝင်းစိန်တောရရုပ်ကလာပ်ဖူး
● ဝင်းစိန်တောရဆရာတော်ရုပ်ကလာပ် ယာယီစံကျောင်းသို့ပင့်ဆောင်ခြင်းအခမ်းအနားပွဲနှင့် မော်လမြိုင်တောင်ပေါ်ဘုရားစုံ ကျိုက္ကမီ၊ စက်စဲကမ်းခြေ၊ ကျိုက်မရော၊ နွားလပို့တောင် (၂)ရက်။ (၂၉-၅-၂၀၁၅)ထွက်မည်။ အပတ်စဉ်-သောကြာ
● တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ၊ ထမံ့စမ်းဂူ (၄)ရက်-ဆက်၍-လွိုင်ကော်တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၅)ရက်။
● ထိုးဘို အကောက်တောင်နှင့် ပြည်ဘုရားစုံဖူး(နေ့ချင်းပြန်) ● ထားဝယ်ရှင်ကိုရှင်နှင့် မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ(၅)ရက်။
(သောကြာနှင့် ရုံးပိတ်ရက်)ထွက်သည်။ ● ချောင်းသာ(နေ့စဉ်) ● ဇလွန်(ရုံးပိတ်ရက်) 01-391577
09-5122961
09-254340569
09-254821597

၂၀၁၅ ခုနှစ် နှစ်သစ်ကူး သင်္ကြန် ခရီးစဉ် ကျန်ရစ်သူများတွက်
ထားဝယ် နယ်စပ် ထီးခီး - တန်ချာပူရီ / မြ ဘုရား
၂၂ - ၅ - ၂၀၁၅ မှ ၂၈ - ၅ - ၂၀၁၅ ထိ
သုခမိန်စာပေ ၀၁ ၂၄၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၄၁၃၇

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးခွဲစိတ်နှင့်ဆေးကုသဆောင်နှင့် နှလုံးဆေးကုသဆောင်တိုးချဲ့တည်ဆောက်မှု မြေနေရာအခြေအနေ၊ တိုးချဲ့ငါးထပ်ဆောင်တည်ဆောက်ပြီးစီးမှုနှင့် ခေတ်မီခွဲစိတ်ခန်း(Modular Operating Theatre)တွင် စက်ကိရိယာများ တပ်ဆင်ပြီးစီးမှု အထူးကြပ်မတ်ကုသဌာနများကို ကြည့်ရှုစစ်ဆေးကာ ဧပြီ ၂၇ ရက်က ဘယ်ဘက်လက်မောင်းအလယ်ခန့်မှ ပြတ်တောက်ဒဏ်ရာရရှိခဲ့သဖြင့် တိုက်ကြီးဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့သည့် လူနာအား လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာဌာန ဌာနမှူး ဒေါက်တာခင်မောင်မြင့် ဦးဆောင်သည့် အဖွဲ့က ည ၇ နာရီ ၄၅ မိနစ်မှ စတင်ခွဲစိတ်ကာ စုစုပေါင်းခွဲစိတ်ချိန် ခြောက်နာရီခန့်အတွင်း ပြတ်တောက်လက်မောင်းကို အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့သည့် လူနာအား သွားရောက်ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ထို့နောက် ပင်မအဆောက်အအုံရှိ ပြုပြင်မွမ်းမံပြီးနေရာများတွင် လူနာများ ပြောင်းရွှေ့ချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ပြည်သူများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခုတင်(၁၅၀၀)ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ၂၀၁၄ ခုနှစ် မေလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်း၊ မူလပင်မအဆောက်အအုံ ပြုပြင်မွမ်းမံခြင်း၊ အရေးပေါ်ဆေးကုသမှုဌာန တိုးချဲ့ပြုပြင်တည်ဆောက်ခြင်း၊ ကင်ဆာရောဂါဆိုင်ရာ စက်ပစ္စည်းသစ်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ယင်းစက်ပစ္စည်းများအတွက် အဆောက်အအုံသစ်များတည်ဆောက်ခြင်း၊ ဆေးပစ္စည်းစတိုနှင့် အောက်ဆီဂျင် Plant အသစ် ထပ်မံတည်ဆောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများတိုးမြှင့်ခြင်းနှင့် လူနာများစိုက်ထုတ်သုံးစွဲ ကုန်ကျစရိတ် လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ရရှိအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# အရည်အသွေးမီ မြွေဆိပ်ဖြေဆေးစက်ရုံသစ်(အင်းစိန်) ဩဂုတ်လတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**သတင်း - မင်းသစ်**
**ဓာတ်ပုံ - ရဲထွဋ်**

မြန်မာနိုင်ငံတွင် နှစ်စဉ်တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် မြွေကိုက်ခံရမှု အန္တရာယ်ကာကွယ်ကုသရန်အတွက် မြွေဆိပ်ဖြေဆေးများ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှုစနစ်(GMP)နှင့်အညီ ထုတ်လုပ်နိုင်သည့်မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကို ဆေးဝါးစက်ရုံ(အင်းစိန်)ဝင်းအတွင်း အသစ် တည်ဆောက်လျက်ရှိရာ မကြာမီ အရည်အသွေးမြင့် မြွေဆိပ်ဖြေဆေးများ လုံလောက်စွာဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။



**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်။**

"ဒီစက်ရုံက မြန်မာနိုင်ငံဆေးဝါးလိုအပ်ချက်တွေကို အဓိကဖြည့်တင်းပေးတဲ့ စက်ရုံကြီး ဖြစ်ပါတယ်။ မြွေဆိပ်ဖြေဆေးကို တစ်ချိန်တုန်းက စက်ရုံအဟောင်းမှာပဲ ထုတ်တယ်။ အခု GMP guide Lines တွေနဲ့ ထုတ်မယ့်စက်ရုံ ဖြစ်တဲ့အတွက်ကြောင့် မြွေကိုက်ခံရတဲ့လူနာတွေအတွက် ဆေးဝါးတွေကို လုံလုံလောက်လောက် ဖြန့်ချိပေးနိုင်မှာဖြစ်ပါတယ်"ဟု စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောသည်။

ယခင် မြွေဆိပ်ဖြေဆေးစက်ရုံဟောင်းမှ မြွေဆိပ်ဖြေဆေးများကို အတိုင်းအတာတစ်ခုထိသာ ထုတ်နိုင်ခဲ့သည်။ ယခုအသစ်တည်ဆောက်ပြီးစီးသည့် မြွေဆိပ်ဖြေဆေးစက်ရုံသစ်မှ အရည်အသွေးမြင့် မြွေဆိပ်ဖြေဆေးများကို တစ်လလျှင် အလုံးရေ တစ်သိန်းထိ ထုတ်လုပ်နိုင်မည်ဖြစ်၍ မြွေကိုက်ခံရသည့် လူနာများအတွက် ဆေးဝါးမလုံလောက်မှုဘေးမှ ကျော်လွှားနိုင်ပြီး အသက်ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးသည် အရည်အသွေးပြည့်မီပြီး မြွေဆိပ်ဖြေဆေးကို အသုံးပြုသည့်အခါ တစ်လုံးမှ သုံးလုံးထိသာ အသုံးပြုရပြီး ဝေဒနာသက်သာပျောက်ကင်းသည့် အနေအထားရှိကြောင်း သိရသည်။

"လောလောဆယ် ပြည်တွင်းမှာ လုံလောက်ဖို့ အဓိကပါပဲ။ ပြည်ပကနေ ခန့်မှန်းခြေအရ ဆေးဝါးတန်ဖိုး ဒေါ်လာသန်း ၂၀၀ ခန့် နှစ်စဉ်သွင်းနေရတော့ ပြည်တွင်းလိုအပ်ချက်ကိုပဲ အဓိကထားပါတယ်။ ဒါပေမယ့် ကော်ပိုရေးရှင်းအသွင် ဆောင်ရွက်ရေး ဒါထက်ကြီးမားတဲ့ Capicity ရှိလာရင် ပြည်ပအထိ ဆေးဝါးတွေကို ဖြန့်ဖြူးပေးသွားဖို့ ရည်မှန်းချက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးဝါးအမျိုးအစားပေါင်း ၁၆၃ မျိုး ထုတ်လုပ်နေပြီး လက်ရှိထုတ်လုပ်မှုသည် ပြည်တွင်းဈေးကွက်ကို အဓိကဖြန့်ဖြူးနေကြောင်း အဆိုပါစက်ရုံသည် နိုင်ငံတော်အတွက် ဝင်ငွေရရှိနေသည့် ဆေးဝါးထုတ်လုပ်ရေး စက်ရုံဖြစ်ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ နိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် အကျိုးပြုသည့် ဆေးဝါးထုတ်လုပ်ရေးစက်ရုံဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြွေဆိပ်ဖြေဆေးစက်ရုံသစ်ကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ နှစ်စဉ်ကြုံတွေ့နေရသည့် မြွေကိုက်ခံရမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုဘေးမှ ကင်းဝေးနိုင်တော့မည်ဖြစ်သည်။

၁၉၅၄ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သည့် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ နိုင်ငံ၏ကျန်းမာရေးကဏ္ဍအတွက် ပြည်တွင်းဆေးဝါး လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ယနေ့တိုင် ဆေးဝါးများထုတ်လုပ်လျက်ရှိသည်။

## သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဖရင့် အကြိုသတင်းစာရှင်းလင်း

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ သဘာဝနယ်မြေ ဒေသများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်(International Conference on Ecotourism in Protected Area)ကို အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများဖွံ့ဖြိုးတိုးတက်ရေးပေါင်းစပ်ဗဟိုဌာန International Centre for Integrated Mountain Development (ICIMOD) ၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ပူးတွဲလက်ခံ၍ မေ ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကွန်ဖရင့်ကျင်းပမည့်အစီအစဉ်အတွက် အကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများဖွံ့ဖြိုးတိုးတက်ရေးပေါင်းစပ်ဗဟိုဌာန (ICIMOD)မှ တာဝန်ခံပုဂ္ဂိုလ်များက တက်ရောက်လာသော ပြည်တွင်းသတင်းမီဒီယာများအား ကွန်ဖရင့်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြန်ကြားပေးခြင်းနှင့် သိရှိလိုသည်များ ပြန်လည်ဖြေကြားပေးခြင်းတို့အား ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ သဘာဝနယ်မြေဒေသအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဖရင့်သို့ နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ၂၀၀ ကျော် တက်ရောက်မည်ဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုခိုင်မာလာစေခြင်း၊ သင့်တော်ကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်လာစေရန်ဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် ယန္တရားတစ်ခုအသွင် ဖြစ်ပေါ်လာစေရေး အဓိကထားဆွေးနွေးသွားမည်ဖြစ်သည်။

**(ကြေးမုံ)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရပ်မိရပ်ဖများနှင့် တွေ့ဆုံရှင်းလင်း

**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံ၍ နေပြည်တော်ကောင်စီမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သပြေကုန်းရပ်ကွက်နေ အိမ်ခြေ ၇၃၀ အား အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုအပေါ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ရေသန့်ဌာနမှ ဌာနမှူး ဦးလှမိုးထွန်းက ရေပေးဝေရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က နေပြည်တော်ကောင်စီမှ ပြည်သူများအပေါ် စေတနာထားရှိဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။


ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ရွှေကြာပင်ရပ်ကွက် အောင်ရတနာဘုန်းတော်ကြီးကျောင်းတိုက်တွင် ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံ၍ ရပ်ကွက်အတွင်း ကတ္တရာလမ်းခင်းမည့် အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နန်းဦးကျောင်းတိုက်တွင် ကျင်းပသည့် ဓမ္မစကူးလ်ကျောင်းတော်ဖွင့်ပွဲအခမ်းအနားသို့ သွားရောက်၍ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်သံပြိုင်ကဗျာရွတ်ဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာများရှိ စက်မှုဝန်ကြီးဌာနမှ အရာရှိ အရာထမ်း၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံပြီး ဝန်ထမ်းအိမ်ရာများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့ တွေ့ဆုံဆွေးနွေး



**ပေကျင်း မေ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကို တနင်္ဂနွေနေ့က ပေကျင်းမြို့တော်တွင် လက်ခံတွေ့ဆုံခဲ့ပြီး စက်တင်ဘာလတွင် ၎င်း၏ အမေရိကန်နိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်နှင့် ပတ်သက်၍ဆွေးနွေးခဲ့သည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက အမေရိကန်သမ္မတ ဘာရက် အိုဘားမား၏ တရုတ်နိုင်ငံခရီးစဉ်ကို သတိတရဖြင့် ရှီကျင့်ဖျင်က လာမည့် စက်တင်ဘာလတွင် အမေရိကန်သမ္မတနှင့် ထပ်မံတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အခြားသောပြဿနာများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများနှင့် ကမ္ဘာ့ပြည်သူများအကျိုးစီးပွားအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

"ကျွန်တော့်အမြင်အရတော့ တရုတ်-အမေရိကန် ဆက်ဆံရေး တည်တည်ငြိမ်ငြိမ်ရှိနေဆဲပါပဲ။ တရုတ်-အမေရိကန် ဆက်ဆံရေးပုံစံသစ်မှာ အကျိုးဖြစ်ထွန်းမှုတွေရှိနေပါတယ်" ဟု ရှီကျင့်ဖျင်က ပြောကြားသည်။

**တိုက်တွန်းအားပေး**

ရှီကျင့်ဖျင်သည် ဂျွန်ကယ်ရီနှင့်တွေ့ဆုံစဉ် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ အပြန်အလှန်သွားလာလည်ပတ်ရေး၊ စွမ်းအင်ကဏ္ဍ၊ စစ်ဘက်ဆက်ဆံရေးနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးတိုးတက်စေရန် အလေးထားဆွေးနွေးပြောကြားခဲ့သည်။ တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာပြဿနာတို့တွင်လည်း ရင်းရင်းနှီးနှီးဆက်ဆံလျက်ရှိပြီး လက်တွေ့ကျသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ချက်များကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန် ရှီကျင့်ဖျင်က တိုက်တွန်းအားပေးခဲ့သည်။

ဂျွန်ကယ်ရီကလည်း ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် ရာသီဥတုပြောင်းလဲလာမှု၊ အီဘိုလာရောဂါတိုက်ဖျက်မှု၊ အီရန်နျူကလီးယားအရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# အာတိတ်ဒေသ ညစ်ညမ်းမှုကာကွယ်ရေးစည်းမျဉ်း လုံလောက်မှုမရှိဟုဆို




**လန်ဒန် မေ ၁၇**

တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းမှ ရေများ သင်္ဘောများကြောင့် မသန့်မရှင်းဖြစ်ရခြင်းမှ ကာကွယ်ရန် ညွှန်ကြားချက် အသစ်များကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

နိုင်ငံတကာရေကြောင်းအဖွဲ့ (အိုင်အမ်အို)၏ လန်ဒန်အစည်းအဝေးပွဲတွင် သင်္ဘောများက ပင်လယ်ပြင်အတွင်းသို့ ရေနံများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒပစ္စည်းများနှင့် အလေအလွင့်အမှိုက်သရိုက်များ စွန့်ပစ်ခြင်းကို တားမြစ်သော ပိုလာကိုဒ်ဥပဒေကို အတည်ပြုခဲ့သည်။

အဆိုပါကိုဒ်ဥပဒေများမှာ ၂၀၁၇ ခုနှစ်တွင်မှ အာဏာသက်ဝင်မည်ဖြစ်သည်။ သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများက အဆိုပါစည်းမျဉ်းများမှာ ပြည့်စုံလုံလောက်မှုမရှိဟု ဆိုသည်။

လာမည့် ဆယ်စုနှစ်အတွင်း ပင်လယ်ရေလမ်းကြောင်းအသစ်ပေါ်ပေါက်မည်ဟု မျှော်လင့်ရသော အာတိတ်ဒေသတွင် ခိုင်မာသော ပိုလာကိုဒ်ဥပဒေတစ်ရပ် အရေးပေါ်လိုအပ်လျက်ရှိကြောင်း ဒဗလျူဒဗလျူအက်ဖ်က ပြောသည်။

အိုင်အမ်အိုအဖွဲ့ဝင် နိုင်ငံများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးမှာ ပဓာနဖြစ်သည်ဟု ဖွင့်ဆိုသော ပိုလာကိုဒ်ဥပဒေ၏ မူလရည်မှန်းချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ဒဗလျူဒဗလျူအက်ဖ်-ယူကေ၏ ပိုလာအစီအစဉ်မန်နေဂျာ ဒေါ့ဒေါင်းနဲးက ပြောသည်။

အိုင်အမ်အိုသည် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်ပြီး သင်္ဘောများ လုံခြုံရေး၊ အန္တရာယ်ကင်းဝေးရေးတို့နှင့် သင်္ဘောများကြောင့် ရေထုညစ်ညမ်းမှုမှ ကာကွယ်ရေးတို့တွင် တာဝန်ရှိသည်။

အာတိတ်ဒေသသည် ကမ္ဘာပေါ်တွင် လျင်မြန်စွာပူနွေးလာသောဒေသဖြစ်သည်။ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့မှ ရေခဲများ ကျုံ့သွားပါက ကမ္ဘာ့အပူချိန်သည် လျင်မြန်စွာ မြင့်တက်လာမည်ဖြစ်ပြီး ကမ္ဘာ့ရာသီဥတုလည်း ပြောင်းလဲသွားမည်ဖြစ်သည်။

**ရိုက်တာ။**

# အမေရိကန်အထူးတပ်များ အိုင်အက်စ် ထိပ်တန်းခေါင်းဆောင်တစ်ဦးကို သုတ်သင်

**ဝါရှင်တန် မေ ၁၇**

အမေရိကန်အထူးတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံအရှေ့ပိုင်းသို့ ဝင်ရောက်၍ အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)၏ ထိပ်တန်းအဖွဲ့ဝင်တစ်ဦးကို သုတ်သင်ရှင်းလင်းကာ ၎င်း၏ ဇနီးကို ဖမ်းဆီးခဲ့ကြောင်း ပင်တဂွန်က ယနေ့ ပြောကြားသည်။

ခေါင်းဆောင်အဘူဆေယက်သည် အိုင်အက်စ်၏စစ်ရေးတွင် အဓိက အခန်းကဏ္ဍမှပါဝင်ပြီး အိုင်အက်စ်၏ ရေနံ၊ ဓာတ်ငွေ့နှင့် ဘဏ္ဍာရေးလုပ်ငန်းများကိုလည်း ညွှန်ကြားနေသူဖြစ်ကြောင်း ပင်တဂွန်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်ကြရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။ အဲလ်-အမာတွင် ပြုလုပ်ခဲ့သော ယင်းစစ်ဆင်ရေးကို သမ္မတ ဘာရက်အိုဘားမားက ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး အီရတ်နိုင်ငံ၌ အခြေစိုက်သော အထူးတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။ စစ်ဆင်ရေးတွင်ပါဝင်သော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းမရှိဟု အိမ်ဖြူတော်က ပြောကြားသည်။

အဘူဆေယက်၏ ဇနီး အမ်ဆေယက်သည် အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု သံသယရှိကြောင်း၊ ၎င်းတို့ ခိုင်းစေနေသော ယဇီးဒီးအမျိုးသမီးငယ်တစ်ဦးကိုလည်း ကယ်တင်နိုင်ခဲ့ကြောင်း အိမ်ဖြူတော်က ဆက်လက်ပြောကြားခဲ့သည်။ အမ်ဆေယက်ကို အီရတ်နိုင်ငံရှိ စစ်ဘက်ထောင်တစ်ခုတွင် ထိန်းသိမ်းထားခဲ့သည်။

အမေရိကန်အစိုးရတပ်များသည် ဒီယာ-အဲလ်-ဇိုအာရှိ အကြီးဆုံး ရေနံမြေကို တိုက်ခိုက်၍ ရေနံဝန်ကြီးတစ်ဦးအပါအဝင် အိုင်အက်စ်တိုက်ခိုက်ရေးသမား အနည်းဆုံး ၄၀ ကို သတ်ဖြတ်သွားခဲ့ကြောင်း ဆီးရီးယားအစိုးရပိုင်မီဒီယာများက စောစောပိုင်းတွင် ကြေညာခဲ့သည်။ **ရိုက်တာ။**

# အာဖဂန်နစ္စတန်တွင် အီးယူမှ ယာဉ်တစ်စီး အသေခံဗုံးခွဲတိုက်ခိုက်ခံရ

**ကဘူး မေ ၁၇**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏ အဓိကလေဆိပ်အနီးတွင် မေ ၁၇ ရက်က အသေခံကားဗုံးခွဲသူတစ်ဦးက ဥရောပသမဂ္ဂအဖွဲ့မှ ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်ရာ လူသုံးဦးထက်မနည်းသေဆုံးကြောင်း၊ သေဆုံးသူများမှာ အာဖဂန်နိုင်ငံသားနှစ်ဦးနှင့် ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဥရောပသမဂ္ဂရဲတပ်ဖွဲ့မှ ယာဉ်အား ၎င်းတို့အဖွဲ့ ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အာဖဂန်တာလီဘန်အဖွဲ့က ပြောကြားသည်။ ဥရောပသမဂ္ဂရဲအဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ၏ တရားဥပဒေထိန်းသိမ်းရေး အာဏာပိုင်များအား အကြံပေးတာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းမှ နိုင်ငံခြားတပ်ဖွဲ့ဝင်အများစုသည် ယမန်နှစ်အတွင်းက ဆုတ်ခွာရုပ်သိမ်းပြီး အာဖဂန်တပ်ဖွဲ့များအား သင်တန်းများပို့ချပေးရန် တပ်ဖွဲ့ဝင်အနည်းငယ်သာကျန်ရှိချိန်မှစတင်ကာ သောင်းကျန်းသူများက နိုင်ငံတစ်ဝန်းသို့ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။

ဥရောပသမဂ္ဂရဲတပ်ဖွဲ့မှ တာဝန်ထမ်းဆောင်နေသော ယာဉ်တစ်စီး မြို့တော် ကဘူးမြို့ လေဆိပ်အနီး ဗုံးဖောက်ခွဲတိုက်ခိုက်ခံရကြောင်း ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဆရီဟက်ဘာကိုနုက အတည်ပြုပြောကြားသည်။ ဥရောပသမဂ္ဂရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ လုံခြုံစိတ်ချရသောနေရာတွင် ရှိနေပြီး ထိခိုက်ဒဏ်ရာပြင်းထန်မှုမရှိကြောင်း၊ အခြားတစ်ဦးမှာမူ အဆိုပါယာဉ်ဖြင့် ခရီးသွားနေစဉ် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း ၎င်းကပြောကြားသည်။

**ရိုက်တာ။**

❐



# တံတားတည်ဆောက်ရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီးဦးကျော်လွင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၁၆ ရက် မွန်းလွဲပိုင်းက တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ တာဝန်ယူ တည်ဆောက်နေသော အရှည်ပေ ၈၀၀ မိတ္ထီလာကန်ကူး တံတား တည်ဆောက်ရေးလုပ်ငန်းခွင် **(အပေါ်ပုံ)** သို့ ရောက်ရှိပြီး မိတ္ထီလာကန်ကူးတံတား ကျောက်ပန်းတောင်းဘက်ကမ်း A2နှင့် P7 တို့တွင် ကြမ်းခင်းများ သွန်းလောင်းပြီးစီးမှု၊ မိတ္ထီလာမြို့တွင်းဘက်ကမ်း A2 မှ P3 အထိ ကြမ်းခင်းများ သွန်းလောင်းပြီးစီးမှု၊ ရေလယ်တိုင် P4 မှ P7 ကြားတွင် PC Girder တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးအား ယုဇနကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ-ရမည်းသင်းအပိုင်းလမ်းချဲ့ခြင်း၊ ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်သော ပျဉ်းမနား-ရမည်းသင်းအပိုင်းနှင့် ပျဉ်းမနား-ရေတာရှည်အပိုင်းတို့အား လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီး ခပေါင်း-မြင်းစု-ထန်းတပင် လမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀၊ စစ်တောင်းတံတားအမှတ်(၃) ထန်းတပင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တံတားခန်းဖွင့် ၁၁ ခန်းရှိသည့်အနက် ၁၀ ခန်းဆောင်ရွက်ပြီးစီး၍ P1 နှင့် P2 ကြား Girder တင်ရန် ငါးချောင်းရှိသည့်အနက် သုံးချောင်းတင်ပြီး၍ နှစ်ချောင်းဆက်လက်ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးဦးလှထွန်း ကျောက်ပန်းတောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၇**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၅ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း၊ ကျောက်ပန်းတောင်း - ရွာလတ်လမ်းပိုင်း ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ကျောက်ပန်းတောင်း-ရွာလတ်လမ်းပိုင်းသည် ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းအရှည် ၁၄ မိုင် ၃ ဖာလုံတွင် ပါဝင်သည့် ၃ မိုင် ၅ဖာလုံရှိ လမ်းပိုင်းတစ်ခုဖြစ်သည်။

ဆက်လက်၍ စကားဝါမြေဖောင်ဒေးရှင်းမှ ကြီးမှူးသည့် စလင်းတောင်ကျေးရွာ ကံထွန်းရတနာဇမ္ဗူအေးကျောင်းရှိ မျိုးဆက်သစ်ရတနာယဉ်ကျေးလိမ္မာသင်တန်းနှင့် ပေါက်သစ်ကျေးရွာ အနောက်ဘုန်းတော်ကြီးကျောင်းရှိ မျိုးဆက်သစ်ရတနာယဉ်ကျေးလိမ္မာသင်တန်းများသို့ ကြည့်ရှုအားပေးပြီး အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် သံဘိုရွာသစ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သံဘိုရွာသစ်ကျေးရွာ ယဉ်ကျေးလိမ္မာ သင်တန်းသို့ အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

သံဘိုရွာသစ်ကျေးရွာ စက်ရေတွင်းသည် အချင်း လေးလက်မ၊ အနက်ပေ ၈၀၀ ရှိပြီး သံဘိုရွာသစ်ကျေးရွာရှိ အိမ်ခြေ ၁၇၅ လုံးကို သန့်ရှင်းသည့် သောက်သုံးရေများ လုံလောက်စွာ ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဆည်ပေါက် - သံဘိုကျောက်ချောလမ်းဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ကျောက်ပန်းတောင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဥဿျစ်ကုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသူရိယအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျောက်ပန်းတောင်းမြို့စကားဝါမြေဖောင်ဒေးရှင်း၊ စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ အထောက်အကူပြုရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရာ စကာဝါမြေဖောင်ဒေးရှင်း နာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ယနေ့ကျင်းပသည့် စကားဝါမြေဖောင်ဒေးရှင်း နှစ်ပတ်လည်နေ့ အခမ်းအနားသည် (၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်ဖြစ်ပါကြောင်း၊ စကားဝါမြေဖောင်ဒေးရှင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ဘာသာရေး၊ သာသနာရေးကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများတွင် တစ်နှစ်ထက်တစ်နှစ်တိုး၍ ပိုမိုအကျိုးရှိစွာ သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရန် စကားဝါမြေဖောင်ဒေးရှင်း အနေဖြင့်လည်း ရေရှားပါးသည့် ကျေးရွာများအထိ သန့်ရှင်းသည့် သောက်သုံးရေပေးဝေနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ထွန်းတောက်စေရန် ပြုစုပျိုးထောင်ရာတွင် တစ်ထောင့်တစ်နေရာမှ ကူညီထောက်ပံ့ပေးနိုင်ရန်၊ ဗုဒ္ဓသာသနာစည်ပင်ထွန်းကားပြန့်ပွားရေးအတွက် တစ်တပ်တစ်အားဖြစ်စေရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မိမိတို့ဒေသအကျိုးအတွက် အမှန်တကယ် အကျိုးရှိမည့် လုပ်ငန်းများကို လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စကားဝါမြေဖောင်ဒေးရှင်း နာယက ပြည်ထောင်စုဝန်ကြီးက စကားဝါမြေ အမှုဆောင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး တည်ဆောက်ရေးကော်မတီသို့ အလှူငွေကျပ်သိန်း ၄၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြင်သာယာကျေးရွာ ပြည်လုံးချမ်းသာ ဘုန်းတော်ကြီးကျောင်းနှင့် တည်ပင်တဲကျေးရွာမူလတန်းကျောင်းရှိ ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာသင်တန်းရှိ သင်တန်းသား သင်တန်းသူများအား အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

**(သတင်းစဉ်)**

# ရမည်းသင်းမြို့နယ်အတွင်း လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပြီး၍ ဒေသအတွက်များစွာအကျိုးရှိ

**ရမည်းသင်း မေ ၁၇**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုရှိမှသာ ကျေးလက်ဒေသများသည်လည်း မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပေသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့နိုင်ငံတော်မှ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း အဓိကအားထားရသော လမ်းမကြီးနှစ်သွယ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနမှ တာဝန်ယူ၍ လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လမ်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်၍ ယင်းလမ်းများသည် ဒေသအတွက်၊ မြို့နယ်အတွက် များစွာအထောက်အကူပြု အကျိုးရှိသည်ဟု သိရသည်။

ထိုသို့ လမ်းဦးစီးဌာန ရမည်းသင်းခရိုင်မှ ရမည်းသင်းမြို့နယ်အတွင်း ဆောက်ရွက်ခဲ့ရာတွင် ရမည်းသင်း-မြို့လှလမ်းအား အပိုင်း(က)တွင် မိုင် ၀/၀ မှ ၃/၆ အထိ ၁၂ ပေ အကျယ် ကျောက်လမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ၃ မိုင် ၆ ဖာလုံ ဆောင်ရွက်ခဲ့ပြီး အပိုင်း(ခ)တွင် မိုင် ၃/၆ မှ ၈/၀ အထိ ၄ မိုင် ၂ ဖာလုံအား ၁၂ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယင်းလမ်းအပိုင်း(ဂ)တွင် မိုင် ၀/၀ မှ ၈/၀ အထိ ၃ မိုင် ၃ ဖာလုံအား ၃၄ ပေ အကျယ် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

အလားတူ ရမည်းသင်း-ရွာတန်း-စည်းခုံလမ်းတွင်လည်း မိုင် ၀/၇. ၅ မှ ၈/၁ အထိ မူလကျောက်လမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၇ မိုင် ၁. ၅ ဖာလုံအထိ ဆောင်ရွက်ခဲ့သည်။ အပိုင်း(ခ)တွင် မိုင် ၈/၁ မှ ၁၁/၅ အထိ ၃ မိုင် ၄ ဖာလုံအား မူလမြေလမ်းမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ယင်းလမ်းတွင် မိုင် ၀/၀ မှ ၈/၀ အတွင်း လိုအပ်သော နေရာများတွင် ၃၄ ပေအကျယ် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းကို ၄ မိုင် ၄ ဖာလုံ ဆောင်ရွက်ခဲ့သည်ဟုသိရသည်။

ယခုအခါ ယင်းလမ်းနှစ်သွယ်ကို လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပြီးဖြစ်သောကြောင့် ယင်းလမ်းများ အသုံးပြု၍ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ယခင်ကထက် ပိုမိုကောင်းမွန်လာ၍ ဒေသခံများ ဝမ်းမြောက်ကြသည့်နည်းတူ ယင်းဒေသထွက်ကုန်များမှာလည်း မြို့သို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာသောကြောင့် မြို့နယ်ဒေသတစ်ခုလုံးအတွက် များစွာအကျိုးရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်

နေပြည်တော် မေ ၁၇

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့်အောင်လံမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ပေါင်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ မော်လိုက်မြို့တွင် သုည ဒသမ ၉၈ လက်မ၊ ပခုက္ကူမြို့တွင် သုည ဒသမ ၉၄ လက်မနှင့် လောင်းလုံမြို့တွင် သုည ဒသမ ၈၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

# ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၇**

ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၄ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးသောင်းတင်က ယနေ့အစည်းအဝေးသည် ဆက်သွယ်ရေးကဏ္ဍအတွက် ပြည့်စုံသော Master Plan ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းပါဝင်ဆောင်ရွက်နေသူများကို ဖိတ်ခေါ်၍ ပထမဦးဆုံးပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ လွယ်လင့်တကူရရှိနိုင်ပြီဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးဈေးကွက်တွင် နိုင်ငံတကာအော်ပရေတာများလည်း ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိလာပြီ ဖြစ်သည့်အတွက် နိုင်ငံတော် ဝင်ငွေတိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍအရှိန်အဟုန်မြင့်စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်လာကြသည့် အမျိုးသားဆက်သွယ်ရေး အကြံပေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လိုင်စင်ရကုမ္ပဏီများမှ တာဝန်ရှိသူများက ဆက်သွယ်ရေးကဏ္ဍအတွက် ပိုမိုပြည့်စုံသော Master Plan ပေါ်ထွက်လာနိုင်ရေး ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ World Bank Consultant မှ တာဝန်ရှိသူက Telecom Sector Master Plan နှင့် ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် လိုင်စင်ရကုမ္ပဏီများမှ တာဝန်ရှိသူ အသီးသီးကလည်း သိလိုသည့်အချက်များနှင့် လုပ်ဆောင်သင့်သည့် လုပ်ငန်းစဉ်များအား အကြံပြုဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဌာနကြီးမှူးများ၊ ဆက်သွယ်ရေးနှင့်ပတ်သက်သော လိုင်စင်ရကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးဦးလေဦးတွင် ဝန်တင်မျဉ်းထက်ကျော်လွန်၍ ခရီးသည်နှင့်ကုန်ပစ္စည်းများ မတင်ဆောင်ရန် ရေယာဉ်များစစ်ဆေးရာတွင် အလေးပေးစေလို

**ရန်ကုန် မေ ၁၇**

မြန်မာပြည်တွင်း နေရာဒေသအချို့တွင် မေ ၁၆ ရက်က မိုးရွာသွန်းမှု စတင်ရှိလာပြီး မုတ်သုံလေစတင်ဝင်ရောက်လာသည့် ရေလမ်းခရီးတွင် ရေယာဉ်များ ခုတ်မောင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရန် ပိုမိုအလေးထားလုပ်ဆောင်လာရန် လိုအပ်လာသည်။ မတ်လကုန်ပိုင်းမှစ၍ ရန်ကုန်ဆိပ်ကမ်းတွင် နေ့စဉ် ရေယာဉ်ကြွခိုင်မှု စစ်ဆေးခြင်း၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ သတ်မှတ်ချက်ထက် ပိုမတင်ဆောင်ရေး၊ အသက်ကယ်အကျီလုံလောက်စွာ ပါရှိရေးတို့ကို စစ်ဆေးဆောင်ရွက်နေမှုများရှိနေသည်ဟု ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

နေ့စဉ် ခရီးသည်နှင့် ကုန်ပစ္စည်းအများဆုံးတင်ဆောင်သော သင်္ဘောအရေအတွက် အများဆုံးခရီးစဉ်မှာ ရန်ကုန်မော်ကျွန်းခရီးစဉ်ဖြစ်သည်။ ပျမ်းမျှငါးစင်းဝန်းကျင်တွင်ရှိသည်။ ဒုတိယအများဆုံးခရီးစဉ်မှာ ရန်ကုန်-ဖျာပုံခရီးစဉ်ဖြစ်ပြီး ပျမ်းမျှတစ်စင်းနှုန်းသာ သင်္ဘောထွက်ရှိမှုရှိသည်ဟု ရန်ကုန်-မော်ကျွန်း ပြေးဆွဲနေသော သင်္ဘောတာဝန်ခံတစ်ဦးက ပြောသည်။

ရန်ကုန်ဆိပ်ကမ်းတွင် စစ်ဆေးသကဲ့သို့ မော်ကျွန်းဆိပ်ကမ်းတွင်လည်း ရေယာဉ်စီးခရီးသွားများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာမှ မေလပထမပတ်ကုန်တွင် နေ့စဉ် စစ်ဆေးမှုရှိလာသည်။ မေ ၈ ရက် ခရီးသည်တင်ဆောင်ထွက်ခွာမည့် နှစ်ထပ်ရေယာဉ်တွင် ဝန်တင်မျဉ်းအထိ ဆန်တင်ဆောင်ထားသဖြင့် ခရီးသည်တင်ဆောင်ခြင်းမရှိဘဲ ကုန်သင်္ဘောခရီးစဉ်အဖြစ် ပြေးဆွဲရန် အဆိုပါနေ့တွင် ပြုလုပ်သော ရန်ကုန်-မော်ကျွန်းသွားရေယာဉ်ပိုင်ရှင်များ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည်။ သို့သော် ခရီးသည်များကို မော်ကျွန်းဆိပ်ကမ်းမှ ပဲ့ထောင်ရေယာဉ်ဖြင့် သယ်ဆောင်၍ ရေယာဉ်ရှိရာသို့ ပြောင်းရွှေ့တင်ဆောင်ပြီး ရန်ကုန်သို့ ထွက်ခွာသွားသည်။

ခရီးသည်များပါတင်ဆောင်သဖြင့် ဝန်တင်မျဉ်းထက်ကျော်လွန်သွားရာ ဘေးအန္တရာယ်စိုးရိမ်ရသည်ဟု အဆိုပါအစည်းအဝေးတွင် တက်ရောက်ဆုံးဖြတ်ရာ၌ ပါဝင်သည့် ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ရန်ကုန်တွင် ဆန်ဈေးနှုန်းဈေးမြင့်ရရှိရာ နယ်မှ ဆန်တင်ပို့မှုများလာသဖြင့် ဆန်တစ်အိတ် တန်ဆာခကျပ် ၂၅၀ နှုန်းရှိရာမှ ယခုအခါ ကျပ် ၃၀၀ မှ ကျပ် ၄၀၀ အတွင်း ပေးလာရသည်ဟု ဆန်တင်ပို့သူတစ်ဦးက ပြောသည်။

မေလ ဒုတိယပတ်ကုန်နှင့် တတိယပတ်အတွင်း ရန်ကုန်ဆိပ်ကမ်းရှိ ပောတံတားအချို့တွင် ဆိုက်ကပ်ထားသော ရန်ကုန်အဝင်ရေယာဉ်အချို့၏ ကုန်တင်ဆောင်ထားသည့်အနေအထားကိုကြည့်ခြင်းဖြင့် ဝန်တင်မျဉ်းအနေအထားကို အလေးမထားသည်ကို မြင်တွေ့ရသည်။ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ရေယာဉ်တစ်စီးချင်း၏ ခရီးသည်နှင့် ကုန်တန်ချိန်သတ်မှတ်ချက်တို့ကို ခရီးသည်များထင်ရှားသိသာစွာ မြင်တွေ့နိုင်ရန် ပြည်တွင်းရေကြောင်းသင်္ဘောများတွင် ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။ ပုဂ္ဂလိကရေယာဉ်များတွင် ယင်းသို့ဖော်ပြထားမှုအားနည်းနေဆဲဖြစ်သည်ဟု ခရီးသည်တစ်ဦးက ပြောသည်။

ရေယာဉ်တစ်စင်းချင်း၏ အတိုင်းအတာပေါ်မူတည်၍ သစ်သားတန်းအနီး(ဖောင်းတန်းအနီး)အောက် ရေယာဉ်အလယ်ပိုင်း၏ အကွာအဝေးမည်မျှတွင်ရေးဆွဲထားရမည်ဟု သက်ဆိုင်ရာမှ တွက်ချက်ညွှန်ကြားပေးသည်။ ယင်းအတိုင်းရေးဆွဲထားကြရသည်။ ရေယာဉ်တိုင်း ဝန်တင်မျဉ်းကိုအလေးထားပြီး ဝန်တင်မျဉ်းထက်ကျော်လွန်၍ ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ခွင့်မရှိပါ။ ဝန်တင်မျဉ်းထက် ကျော်လွန်၍ တင်ဆောင်ခုတ်မောင်းပါက ရေယာဉ်များအနေဖြင့် အထူးသဖြင့် မိုးဦးလေဦး ယခုကာလများတွင် စိုးရိမ်ရရာ ဝန်တင်မျဉ်းကို အလေးထား၍ ဝန်တင်မျဉ်းထက်ကျော်လွန်၍(အရပ်အခေါ်) ဖောင်းရေတိုက် တင်ဆောင်ပြေးဆွဲမှုမရှိစေရန် အဓိက အလေးထားစစ်ဆေးပေးရန် လိုအပ်သည်ဟု ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ပြေးဆွဲနေသော နှစ်ထပ်ရေယာဉ်ပိုင်ရှင် ဦးသောင်းဟန်က ပြောသည်။

**မောင်စေအောင်**

❐



# သားမျှား(မြောက်)ကျေးရွာ၌ လေပြင်းများ တိုက်ခတ် မိုးသည်းထန်စွာရွာသွန်း၍ အဆောက်အအုံများပျက်စီး

**နတ်မောက် မေ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သားမျှား(မြောက်)ကျေးရွာတွင် မေ ၁၆ ရက် ညနေ ၄ နာရီခန့်က လေပြင်းတိုက်ခတ်ရာ လူနေအဆောက်အအုံ ၂၁ လုံး၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှစ်ရုံနှင့် ညောင်ပင်ပိ၍ဉာဏ်တော်ခြောက်ပေရှိ ရုပ်ပွားစေတီတော် ပျက်စီးပြိုလဲခဲ့ကြောင်း သိရသည်။

သားမျှား(မြောက်)ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ အမိုးလန်ခြင်း၊ အိမ်ပြိုခြင်း၊ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ အမိုးလန်ခြင်းနှင့် စေတီတော်ပြိုလဲပျက်စီးခြင်းတို့ကို မေ ၁၇ ရက် နံနက် ၉ နာရီက နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသိန်းဌေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်နှင့် နတ်မောက်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

လူနေအိမ်အဆောက်အအုံ၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် စေတီတော် ပျက်စီးမှုမှာ စုစုပေါင်း ငွေကျပ် ၁၈၅၄၉၅၀ တန်ဖိုး ပျက်စီးဆုံးရှုံးခဲ့ကြောင်းသိရသည်။

**(လှဝင်း)**






# တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းမီးပွိုင့်များ အချက်ပြနံပါတ်များ ကောင်းမွန်ထင်ရှားစွာရှိစေချင်

**တောင်ကြီး မေ ၁၇**

တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် တပ်ဆင်ထားသောမီးပွိုင့်များတွင် အချက်ပြနံပါတ်များ ကောင်းမွန်စွာ အချက်ပြမှု မရှိတော့ဘဲ ရုတ်တရက် အနီ၊ အစိမ်းများဖြစ်ပေါ်နေသဖြင့် သွားလာနေကြသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအတွက် အလွန်ပင်အန္တရာယ်များသည့်အနေအထား ဖြစ်နေပါသည်။

ထို့ကြောင့် မလိုလားအပ်သော ယာဉ်အန္တရာယ်များ မဖြစ်ပေါ်မကြုံတွေ့စေရန် လမ်းတစ်လျှောက်လုံးတွင် ရှိနေသောမီးပွိုင့်များ၏ အချက်ပြနံပါတ်များကို ပြန်လည်ကောင်းမွန်မှုရှိနေစေရန် အမြန်ဆုံး ပြုပြင်ပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**KZLM (တောင်ကြီး)**



ဥတုရာသီ
တောကိုမှီ၍

# အငှားကားစီးလာသူ အမျိုးသမီး၏ ပါဆယ်ထုပ်ကို ခိုးယူထွက်ပြေးသူ ယာဉ်မောင်းအား နာရီပိုင်းအတွင်း ဖမ်းမိ

**ရန်ကုန် မေ ၁၇**

အငှားယာဉ်မောင်းက ကားငှားစီးလာသူအမျိုးသမီး၏ ငွေကျပ်သိန်း ၅၀ ကျော်ဖိုးရှိ ပစ္စည်းထုပ်အား ခိုးယူမောင်းနှင်ထွက်ပြေးမှုကို ဒေါပုံမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းက နာရီပိုင်းအတွင်း သက်သေခံပစ္စည်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မနန်းကလျာသည် အမေရိကန်နိုင်ငံမှ ပို့လိုက်သည့် ပါဆယ်ထုပ်နှစ်ထုပ်ကို ဘိုကလေးဈေးရှိ FOOT REFLEXOLOGY ဆိုင်သို့ မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ယူဆောင်၍ အငှားယာဉ်အမှတ် AA--- တိုရိုတာကိုရိုလာအဖြူရောင်ဖြင့် ငှားရမ်းသယ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် ဒေါပုံမြို့နယ် ဗိုလ်ထွန်းစံရပ်ကွက် ဇေယျာသီရိလမ်းရှိ နေအိမ်သို့ အရောက်တွင် ပါဆယ်ထုပ်နှစ်ထုပ်အနက်မှ အထုပ်အသေးအား အိမ်ပေါ်သို့ ပို့ဆောင်နေစဉ် ၎င်းငှားစီးလာသည့် အငှားယာဉ်မောင်းမှာ ကားပေါ်တွင် ကျန်ရှိနေသည့် ပါဆယ်ထုပ်အကြီးအား ခိုးယူမောင်းနှင်ထွက်ပြေးသွားသောကြောင့် မနန်းကလျာက ဒေါပုံမြို့နယ် မြို့မရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ကြောင်း သိရသည်။

ထိုသို့တိုင်ကြားချက်အရ စခန်းမှူး ဒုတိယရဲမှူးမြင့်လွင်ဦးဆောင်သည့် အဖွဲ့သည် ခိုးယူထွက်ပြေးသူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ မေ ၁၅ ရက် ည ၇ နာရီတွင် ယာဉ်မောင်း ခင်မောင်သိန်း(ခ)မာမက်ဇူလန် (၃၆)နှစ်ကို သက်သေခံပစ္စည်းများနှင့်အတူ တာမွေမြို့နယ် မအူကုန်းရပ်ကွက် (၁၃၈)လမ်းထိပ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ခင်မောင်သိန်း(ခ)မာမက်ဇူလန်ကို ဒေါပုံမြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းက (ပ)၁၃၀/၂၀၁၅၊ ပြစ်မှုပုဒ်မ-၃၇၉ အရ ဆက်လက်အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သီဟသူ)**



**ခင်မောင်သိန်း(ခ)မာမက်ဇူလန်အား ၎င်းခိုးယူခဲ့သည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

## မိုးလေဝသအခြေအနေ

**မေ ၁၈ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၈°C | ၂၅°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၄°C | ၂၄°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၅°C | ၂၅°C |
| ပဲခူးတိုင်းဒေသကြီး | ၃၇°C | ၂၄°C |
| ချင်းပြည်နယ် | ၃၀°C | ၂၀°C |

**မေ ၁၈ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေတက် | နံနက် | ၃း၁၆ နာရီ | ၁၉. ၉၂ ပေ |
| ရေကျ | နံနက် | ၉း၅၃ နာရီ | ၃. ၃၁ ပေ |
| ရေတက် | ညနေ | ၃း၃၀ နာရီ | ၂၁. ၇၂ ပေ |
| ရေကျ | ည | ၁၀း၂၃ နာရီ | ၂. ၀၃ ပေ |

**မေ ၁၈ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၃၃ နာရီ |
| နေဝင် | ညနေ | ၆း၂၈ နာရီ |



# မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေသူများအား ရှင်းလင်းဖမ်းဆီး

**မူဆယ် မေ ၁၇**

တရုတ်-မြန်မာ နယ်ခြားမှတ်တိုင်အမှတ် (၈၀/၂) နှင့် (၈၀/၃) ကြား မူဆယ်မြို့ စွမ်စော်ရပ်ကွက်တွင် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ မေ ၁၆ ရက် နံနက် ၁၀ နာရီက မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၂၂)၊ မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်၊ ရွှေလီစစ်ဆင်ရေး(၂) သည် ဒေသခံတိုင်းရင်းသားများ၊ တရုတ်ပြည် ကျယ်ဂေါင်စခန်းမှူး လီပင်းနှင့်တပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၅၀ ကျော်နှင့်အတူ လိုက်လံရှင်းလင်းဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသော အမျိုးသား ကိုးဦးအနက် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း မတွေ့ရသူများအား ခြေချုပ်ခံဝန်အက်ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ မင်းဆန်းလင်းနှင့် မြတ်သူတို့အား မူးယစ်ဆေးဝါးဆိုင်ရာ ပုဒ်မများဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

**(၀၁၁၂)**

◆

# ကျောက်တံခါးမြို့နယ်၌ ဆေးခြောက်များ သိမ်းဆည်းရမိ

**ကျောက်တံခါး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ ရောင်းဝယ်နေကြောင်း သတင်းအရ မေ ၁၆ ရက်က ကျောက်တံခါးမြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်လှမြင့်ဦးနှင့် တာဝန်ရှိသူများသည် ကျောက်တံခါးမြို့ ဒေါန လမ်းထိပ်၌ စောင့်ဆိုင်းနေစဉ် ဒေါနလမ်းမှ ရန်ကုန်-မန္တလေးလမ်းဘက်သို့ မသင်္ကာဖွယ် လမ်းလျှောက်လာသူ ကနေဟီလာ(၃၀)နှစ် ယုဇနလမ်း ကျောက်တံခါးမြို့နေသူအား တွေ့ရှိ၍စစ်ဆေးရာ ၎င်းကိုင်ဆောင်လာသော ပီနံအိတ်အတွင်း ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက် ၇၀ ကျပ်သား (အလေးချိန် ၁ ဒသမ ၁၄ ကီလိုခန့်)အားတွေ့၍ သိမ်းဆည်းပြီး စစ်ဆေး မေးမြန်းရာ ဇေယျဝတီမြို့နေ ထင်ကျော်က ရောင်းခိုင်းကြောင်း သိရ၍ ကနေဟီလာနှင့် ထင်ကျော် (၃၆)နှစ်တို့ နှစ်ဦးအား ကျောက်တံခါးမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

□□

# တောင်တွင်းကြီးမြို့နယ်၌ လယ်ကွက်အတွင်း အမျိုးသားတစ်ဦးသေဆုံး

**တောင်တွင်းကြီး မေ ၁၇**

တောင်တွင်းကြီးမြို့နယ် ခင်တဲကျေးရွာအနီး လယ်ကွက်အတွင်းတွင် မေ ၁၆ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် မြို့သစ်-တောင်တွင်းကြီးကားလမ်း အနောက်ဘက် ခင်တဲရွာအနီးရှိ လယ်ကွက်အတွင်း ထနောင်းပင်ခြေရင်းတွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ တောင်တွင်းကြီးမြို့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးမြင့်ထွန်း အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဝင်းကြိုင် အသက်(၃၈)နှစ် ရွှေအိုး(၁) ရပ်ကွက် တောင်တွင်းကြီးမြို့နေသူဖြစ်ပြီး ခန္ဓာကိုယ်ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ ဆက်လက်စုံစမ်းခဲ့ရာ သေဆုံးသူမှာ အရက်အလွန်အကျွံသောက်စား၍ တစ်ဦးတည်းသွားလာနေတတ်သူဖြစ်ပြီး မည်သူနှင့်မျှ ရန်ငြိုးရန်စရှိသူမဟုတ်ကြောင်း သေဆုံးသူ၏ အစ်ကိုက ပြောခဲ့သည်။ ထိုအမှုနှင့်ပတ်သက်၍ တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နမ့်ခမ်းမြို့နယ်**

မေ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်နှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ပေါက်နေလယ်ကွင်းတွင် မအိုင်ထွေးအား စစ်ဆေးရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ပလတ်စတစ်ဗူးဖြင့်ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၀၆ ကီလိုနှင့် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မအိုင်ထွေး(၃၃)နှစ်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သီပေါမြို့နယ်**

သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက်က သီပေါမြို့နယ် ဘော်ကြိုကျေးရွာနေ မအေးလိတ်၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအဝင်ယာဘက်နံရံကြားတွင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂ ပြား သိမ်းဆည်းရမိသဖြင့် မအေးလိတ် (၄၆) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တန့်ယန်းမြို့နယ်**

မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၄ ရက်က တန့်ယန်း - မိုင်းကောင်သွားလမ်း၊ မိုင်တိုင်အမှတ် 3KM အနီးတွင် မိုင်းကောင်ကျေးရွာမှ တန့်ယန်းမြို့ဘက်သို့ ရန်အောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီ ဝဲဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြား သိမ်းဆည်းရမိသဖြင့် ရန်အောင် (၂၅) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

**တောင်ကြီးမြို့နယ်**

အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက်က အေးသာယာမြို့ ရပ်ကွက် (၃) မုခ်ဦးအနီးတွင်တွေ့ရှိသူ ဖိုးထောင်အားရှာဖွေရာ ၎င်းဆောင်းထားသော ဦးထုပ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂ ပြား သိမ်းဆည်းရမိသဖြင့် ဖိုးထောင် (၂၇) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**ဖိုးထောင်အား သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

## မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့်ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်)အိုးအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့်ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး(Dry Chemical Powder)အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြား

**နေပြည်တော် မေ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဥတ္တမာရုံစာသင်တိုက်၌ ကျောက်တံခါးမြို့နယ်မှ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျောက်တံခါးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့လုပ်ဆောင်ကြမည်၊ မည်သို့စီမံဆောင်ရွက်ကြမည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများတွင် ပါဝင်ကြသည့် ဝန်ထမ်းများအနေဖြင့် ကိုယ့်မြို့ ကိုယ့်ဒေသကဲ့သို့ သဘောထားကြီးပြီး ဆောင်ရွက်ပေးကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကိုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥတ္တမာရုံစာသင်တိုက်၌ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ပဲနွယ်ကုန်းဓမ္မရတနာကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်များအားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့သည်။

ဆက်လက်၍ ညောင်လေးပင်မြို့သို့ရောက်ရှိပြီး သီရိရတနာခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်များကို လွှတ်တော်အတွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်းများဖြင့် ဥပဒေအရဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ညောင်လေးပင်မြို့မှ ပြည်သူများနှင့် တွေ့ဆုံခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ ကြားမခံဘဲ



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

ပြည်သူ့အသံကို လာရောက်နားထောင်ခြင်းပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် တစ်နှစ်လျှင် ရှစ်လခန့် လွှတ်တော်လုပ်ငန်းများ လုပ်ဆောင်ပြီး ကျန်လေးလတွင် မဲဆန္ဒနယ်မြေများသို့ သွားရောက်၍ မဲဆန္ဒရှင်များကို ပြန်လည်ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုရေးလုပ်ငန်းများကို ထမ်းဆောင်သည့်အပြင် ဥပဒေပြုရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြား အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် နိုင်ငံတကာနှင့် ဆက်ဆံခြင်းလုပ်ငန်းများလုပ်ဆောင်နေပါကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များအပေါ် မှတ်သားပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို ချက်ချင်းလုပ်ဆောင်ပေးမည်ဖြစ်ပြီး အချိန်ယူဆောင်ရွက်ရမည့်ကိစ္စများကို အချိန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်မည့် ခရီးစဉ်၌လည်း ညှိညှိနှိုင်းနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညောင်လေးပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(အငြိမ်းစား)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ညောင်လေးပင်မြို့ ခင်တန်းကျောင်း ပရိယတ္တိစာသင်တိုက်၌ မဒေါက်မြို့ ပန်းငွေရုံကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။ **(သတင်းစဉ်)**

---

◆ **ကျော်ဖုန်းမှ**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဘဏ္ဍာငွေကျပ် ၄၄၂၅ ဒသမ ၆၅ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာခင်းခြင်း၊ မီးသတ်ကား ဂိုဒေါင် သံကူကွန်ကရစ် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ငွေကျပ် ၅၈၅ ဒသမ ၈ သန်း ကျခံဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အပြီးသတ်လုပ်ငန်းများကို ကျပ် ၂၅ ဒသမ ၀၆၂၅ သန်း ကျခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သံတွဲလေဆိပ်သည် ငပလီကမ်းခြေသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသည်များ အဓိကအသုံးပြုသော လေဆိပ်ဖြစ်ရာ ခရီးသည်များ စိတ်အေးချမ်းသာစွာ ဝင်/ထွက်သွားလာနိုင်ရေးအတွက် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခင်ကပင် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လေဆိပ်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ခြင်းနှင့် လေယာဉ်ရပ်နားရာနေရာ ကျောက်ကတ္တရာခင်းခြင်းအတွက် ကျပ် ၅၀၃ ဒသမ ၉ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လေဆိပ်ဝင်/ထွက်ရာ လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းအတွက် ကျပ် ၆၇၉ ဒသမ ၂ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လေဆိပ်အဆောက်အအုံဟောင်းမွမ်းမံခြင်း၊ လေကြောင်းထိန်းမျှော်စင် တည်ဆောက်ခြင်း၊ ပင်လယ်ကမ်းစပ်နှင့်ထိစပ်နေသည့် လေယာဉ်ပြေးလမ်းအား ပင်လယ်ရေတိုက်စားမှုမှ ကာကွယ်ရန် ရေလှိုင်းကာ ကျောက်စီနံရံပြုပြင်မွမ်းမံခြင်းတို့အတွက် ကျပ် ၂၀၂ ဒသမ ၃၂၄ သန်း ကျခံဆောင်ရွက်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ခြင်း၊ ရေလှိုင်းကာကျောက်စီနံရံ အကြီးစားပြုပြင်မွမ်းမံခြင်း၊ လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းများကို ကျပ်သန်း ၂၁၉၀ ကျခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန်အတွက် သွားလာရန် ခက်ခဲသော ဒေသများသို့ လေယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးနိုင်ရန် မာန်အောင်(စမုံတဲ) လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းခြင်းနှင့် လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၀၀၀ ဖြင့် ကျခံဆောင်ရွက်ခဲ့ရာ လုပ်ငန်းအများစုပြီးစီးသဖြင့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်ငယ်များ စမ်းသပ်ဆင်း/တက်မှုများ စတင်ဆောင်ရွက်လျက်ရှိပြီး ခရီးသည်များကို လေယာဉ်ငယ်များဖြင့် မကြာမီကာလအတွင်း ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျပ်သန်း ၁၀၀၀ ကျခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မြောက်ဦးလေဆိပ်သို့ လေယာဉ်ငယ်များ ဆင်း/တက်ပျံသန်းနိုင်ရန်အတွက် လေယာဉ်ပြေးလမ်းပြုပြင်မွမ်းမံခြင်း ဆောင်ရွက်နိုင်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၂၀၀ ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လေဆိပ်များဖွံ့ဖြိုးတိုးတက်ရေးအပြင် လေဆိပ်အသီးသီးသို့ နှစ်စဉ်တိုးတက် ဝင်ရောက်လာသည့် ခရီးသည်များရရှိမှုအပေါ် အခြေခံ၍ လေကြောင်းခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲစေလျက် ရှိသည်။ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာအမျိုးသား လေကြောင်းသည် ရန်ကုန်-စစ်တွေ-ရန်ကုန် ခရီးစဉ်ကို တစ်ပတ် ခုနစ်ကြိမ်၊ ရန်ကုန် - ကျောက်ဖြူ-ရန်ကုန်ခရီးစဉ်ကို တစ်ပတ် သုံးကြိမ်၊ ရန်ကုန်-သံတွဲ-ရန်ကုန်ခရီးစဉ်ကို တစ်ပတ် ခြောက်ကြိမ်၊ ရန်ကုန်-အမ်း-စစ်တွေ- ရန်ကုန်ခရီးစဉ်ကို တစ်ပတ် နှစ်ကြိမ်ပြေးဆွဲပေးလျက်ရှိသည်။ ပုဂ္ဂလိက လေကြောင်းလိုင်းများဖြစ်သော Air Bagan၊ Yangon Airways၊ Air KBZ နှင့် Air Mandalayတို့မှ ရန်ကုန်-သံတွဲ-ကျောက်ဖြူ-ရန်ကုန် ခရီးစဉ်ကို နေ့စဉ်ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ခရီးသည်များ၏ လိုအပ်ချက်ကို အခြေခံ၍ လေကြောင်းလိုင်းများ ပိုမိုတိုးချဲ့ပြေးဆွဲပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မာန်အောင်(စမုံတဲ)နှင့် မြောက်ဦး လေဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စုစုပေါင်းငွေကျပ် ၁၂၈၁၆ ဒသမ ၀၇၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သိန်းသုံးစွဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၅၆၅ ဒသမ ၀၆၂၅ သန်း ဆက်လက်သုံးစွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

❐

---

# အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ကွာတား၌ မြန်မာနှင့် တရုတ်တွေ့ဆုံမည်

**နေပြည်တော် မေ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ပထမအကြိမ် အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ကွာတားပွဲစဉ်များ ရေးဆွဲရာတွင် မြန်မာအသင်းမှာ တရုတ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး အခြားကွာတားပွဲစဉ်များအဖြစ် တောင်ကိုရီးယားနှင့် ထိုင်း၊ အီရန်နှင့် ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆင့် (၉)နေရာမှ (၁၆)နေရာလုပွဲတွင် ဆော်ဒီနှင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်၊ ကာတာနှင့် ကာဇက်စတန်၊ ဩစတြေးလျနှင့် မော်လ်ဒိုက်အသင်းတို့ တွေ့ဆုံလျက်ရှိသည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များတွင် မော်လ်ဒိုက်၊ ထိုင်းနှင့် ဆော်ဒီအသင်းတို့ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ကွာတားသို့ တက်လာခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ဗိုလ်လုပွဲရောက်ရှိနေသည့် နှစ်သင်းမှာ ယူအေအီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

---

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**သာရဝေါ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သာရဝေါမြို့ လျှပ်စစ်မှူး ဦးမျိုးသိန်းဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မေ ၁၇ ရက်တွင် သာရဝေါမြို့ ဇီးဖြူကုန်းကျေးရွာ မိုးကောင်းဘုန်းတော်ကြီးကျောင်း၌ ကျေးရွာမီးလင်းရေးအဖွဲ့နှင့်ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ စီမံကိန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၁၇**

ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စီမံကိန်းများဆောင်ရွက်မည်ဟု သတင်းရရှိသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း တစ်ခုဖြစ်သည့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့(UNIDO) တို့ပူးပေါင်း၍ မေ ၁၅ ရက်တွင် "Fostering Pro-poor and Inclusive MSME Development in Myanmar'' စီမံကိန်းအကြောင်းမိတ်ဆက်ရှင်းလင်းခဲ့ပြီး Youth and Women Enterpreneurship and Composition စီမံကိန်းနှင့်ပတ်သက်၍လည်း အလုပ်ရုံဆွေးနွေးပွဲကို Hotel Novotel Yangon Max ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး UNIDO/ Investment and Technology Unit Chief ဖြစ်သူ Ms.Monica Carco က UNIDO ၏ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်သွားမည့် Youth and Women Enterpreneurship and Composition နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် UNIDO ၏ Chief Technical Adviser Mr.Michele Boario က စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် UNIDO မှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများအကြောင်း အသေးစိတ်ရှင်းလင်းသည်။

လူငယ်နှင့် အမျိုးသမီးစွန့်ဦးတီထွင် လုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများက စားပွဲဝိုင်းဆွေးနွေးပွဲတွင် အကြံပြုဆွေးနွေးခဲ့ကြသည်။

UNIDO အဖွဲ့အစည်းသည် အီတလီအစိုးရ၏ ရန်ပုံငွေဖြင့် "Fostering Pro-poor and Inclusive MSME Development in Myanmar" စီမံကိန်းကို ၂၀၁၃ ခုနှစ်မှ စတင်၍ Preparatory Phase အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးရရှိခဲ့သည့် ရလဒ်များအပေါ် ရှင်းလင်းပြသရန်၊ စီမံကိန်း၏ ၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို မိတ်ဆက်ရှင်းလင်းဆွေးနွေးရန်၊ စီမံကိန်းတွင် ပါဝင်နေသည့် Youth and Women Enterpreneurship and Composition နှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုခြင်းမှ အကြံဉာဏ်ကောင်းများရယူရန် ရည်ရွယ်ကာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# ထိုင်း၊ ဗီယက်နမ်တို့နှင့် ခြေစမ်းရန် မြန်မာအသင်းထွက်ခွာ

**ရန်ကုန် မေ ၁၇**

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် မြန်မာယူ-၂၃ အသင်းသည် ထိုင်း၊ ဗီယက်နမ် ယူ-၂၃ အသင်းတို့နှင့်ခြေစမ်းကစားမည်ဖြစ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအဖြစ် ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့တွင် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာယူ-၂၃ အသင်းသည် မေ ၁၉ ရက်တွင် ဆီးဂိမ်းချန်ပီယံ ထိုင်းအသင်းနှင့် ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ထိုင်းယူ-၂၃ အသင်းကို ကိုင်တီဆတ်ကပင် ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ထိုင်းနှင့် ခြေစမ်းပွဲအပြီး မေ ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည် ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ်ယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲကို မေ ၂၂ ရက်တွင် ဟိုချီမင်းမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲသွားရောက်စားမည့် မြန်မာယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြ ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ ဂိုးနည်းပြ ဦးအောင်သက်၊ ကစားသမားများအဖြစ် ဂိုးသမားကျော်ဇင်ဖြိုး၊ အောင်ဝေဖြိုး၊ ချမ်းငြိမ်းကျော်၊ နောက်တန်း ရဲဝင်းအောင်၊ ဝင်းဇင်ဦး၊ ကျော်ဇင်လွင်၊ သောင်လပ်ထန်၊ ကိုကိုဟိန်း၊ ဖြိုးကိုကိုသိန်း၊ စည်သူအောင်၊ ဟိန်းသီဟဇော်၊ သိန်းနိုင်ဦး၊ အလယ်တန်း နေလင်းထွန်း၊ ချစ်စုမိုး၊ အောင်ကျော်နိုင်၊ သီဟဇော်၊ ဇွန်မိုးအောင်၊ ရဲကိုဦး၊ အောင်ရှိုးသာမောင်၊ လှိုင်းဘိုဘို၊ ရှေ့တန်းကောင်းဆက်နိုင်၊ ရှိုင်းသူရနှင့် သန်းထက်အောင်တို့ပါဝင်ကြသည်။

**(ရှိုင်းထက်ဇော်)**



# ဘုရားဖူးများစွာ နေ့စဉ်လာရောက်ဖူးမြော် ကျောက်စိမ်းစေတီတော်

**မန္တလေး မေ ၁၇**

မြန်မာနိုင်ငံတွင် ထူးခြားသော ကျောက်စိမ်းစေတီကို အမရပူရမြို့နယ် ဆင်ရွာမြင်းမူးကျေးရွာအနီးတွင် တည်ထားလျက်ရှိရာ ထီးတော်တင်ရန်သာကျန်ပြီး ဘုရားဖူးများ နေ့စဉ်လာရောက်လျက်ရှိသည်။ လုံခြုံရေးတာဝန်ကျသူများမှ ကျောက်စိမ်းစေတီ၏ထူးခြားသောလက်ရာများနှင့် အဓိပ္ပာယ်များကို ရှင်းလင်းပြသပေးလေ့ရှိသည်။ ကျောက်စိမ်းစေတီကို ကမ္ဘာမှာ မြန်မာနိုင်ငံတွင်သာရှိသော ထူးခြားသည့်စေတီဟု ညွှန်းဆိုနိုင်ပြီး မြန်မာမှုလက်ရာများစွာကို လေ့လာနိုင်သည်။ အထူးသဖြင့် ကျောက်စိမ်းစေတီကို ဂရင်းနစ်စံချိန်များတွင် ပါဝင်သည့် အချက်တစ်ခုဖြစ်သည့် တွေးယူရသည့် အနုပညာလက်ရာများစွာကို ဖန်တီးထည့်သွင်းထားသည်။

ဝေရောစန ကျောက်စိမ်းစေတီတော်ကို ဉာဏ်တော်အမြင့် ၅၇ ပေ၊ ငှက်ပျောဖူး အမြင့် ၈ ပေ၊ ကြာလှန်ကြာမှောက်အမြင့်နှင့် ရွဲလုံးများအမြင့် ၈ ပေ၊ ဖောင်းရစ်အမြင့် ၈ ပေ ၆ လက်မ၊ ခေါင်းလောင်းအမြင့် ၁၁ ပေ ၆ လက်မ၊ ကြည်းဝန်းအမြင့် ၅ ပေ၊ ရှစ်မြောင့်အမြင့် ၄ ပေ၊ ပထမပစ္စယာနှင့် ဒုတိယပစ္စယာ အမြင့် ၅ ပေ၊ ဖိနပ်တော်အမြင့် ၃ ပေ၊ ရင်ပြင်တော် အကျယ် အလျား ၁၃၃ ပေ ၆ လက်မ၊ အနံ ၁၃၃ ပေ ၆ လက်မ၊ ပန်းတင်ခုံ အလျား ၅၂ ပေ ၆ လက်မ၊ အနံ ၅၂ ပေ ၆ လက်မ၊ အမြင့် ၁၂ ပေ၊ မုခ်ဦး ၄ မုခ်၊ မုခ်ဦးအကျယ် ၆ ပေ၊ အမြင့် ၁၄ ပေရှိသည်။ ကျောက်စိမ်းစေတီ၏ ထူးခြားချက်မှာ ကျောက်စိမ်းများဖြင့် တည်ဆောက်ထားပြီး ပတ်လည်တွင် မြန်မာမှုလက်ရာများဖြင့်ထည့်သွင်းထားကာ လက်ရာတစ်ခုစီတွင် အဓိပ္ပာယ်အသီးသီးပါဝင်နေသည်။

ကျောက်စိမ်းစေတီတော်တွင် "ဖွားပွင့်ဟောစံ" ဆိုသောဖွားတော်မူပုံ၊ ဘုရားပွင့်ပုံ၊ တရားဦးဟောပုံ၊ ပရိနိဗ္ဗာန်စံဝင်တော်မူပုံသင်္ကေတပုံများ၊ အေဒီ ၁၃ ရာစုခေတ်က ဖောင်းကြွ၊ နံရံဆေးရေးပန်းချီလက်ရာများကို ဖော်ကျူးထားပြီး အောင်ခြင်းရှစ်ပါးပန်းပုလက်ရာများနှင့်အတူ ပန်းအမျိုးမျိုး အဓိပ္ပာယ်အသီးသီးဖြင့် ထူးခြားစွာ တည်ထားလျက်ရှိကြောင်း သိရသည်။ အနုစိပ်လက်ရာများစွာဖြင့် ဇာတ်တော်လာသရုပ်ဖော်မှုများဖြင့် လက်ရာမြောက်စွာပုံဖော်ထားသည်။ တစ်ခုချင်းစီတွင် အဓိပ္ပာယ်တစ်မျိုးစီဖြင့် စိတ်ဝင်စားဖွယ်ရာ စေတီတစ်ဆူပင်ဖြစ်သည်။ ယခုအခါ ကျောက်စိမ်းစေတီတော်သို့ ဘုရားဖူးများစွာ ကား၊ ဆိုင်ကယ်များဖြင့် နေ့စဉ်လာရောက်ဖူးမြော်ကြသည်။ နံနက်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းတို့တွင် တိုးမပေါက်အောင်များပြားပြီး လုံခြုံရေးဝန်ထမ်းများက ကူညီနေရာချထားပေးလျက်ရှိသည်။ ဘုရားဖူးများ စည်ကားလာခြင်းနှင့်အတူ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချသည့်ဆိုင်များပါ ရောင်းချလျက်ရှိပြီး စည်ကားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

# ပဲခူးမြို့နယ် အင်းတကော်ကျေးရွာတွင် အလောင်းနှစ်လောင်း စွန့်ပစ်ခဲ့သည့်အမှုမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်ကျေးရွာ အမှတ်(၂)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ Big Boss သောက်ရေသန့်စက်ရုံပိုင် လူမနေသည့်ခြံဝန်းအတွင်း၌ မေ ၅ ရက်က ကားတစ်စီးမှ လူသေအလောင်းနှစ်လောင်းအား ချထားခဲ့ကြောင်းသတင်းအရ အင်းတကော်နယ်မြေရဲစခန်းမှ သွားရောက်စစ်ဆေးရာ အသက်(၄၅/၅၀)နှစ်ခန့်ရှိ အမျိုးသားနှစ်ဦးအား လက်ပြန်ကြိုးတုပ်လျက် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်းတွေ့ရှိရသဖြင့် အမှုဖွင့်စုံစမ်းခဲ့ရာ သေဆုံးသူများမှာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ကိုညွန့်ဆွေနှင့် ကိုညွန့်ဝေတို့ ညီအစ်ကိုနှစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုမှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အင်းတကော်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်တို့ ပူးပေါင်းစုံစမ်းခဲ့ရာ ထောက်ကြံ့တိုးဂိတ်ရှိ CCTV မှတ်တမ်းများအရ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့်ယာဉ်မှာ BB/---- TOYOTA CALDINA မီးခိုးရောင်ယာဉ်ဖြစ်ပြီး သေဆုံးသူ ကိုညွန့်ဝေနှင့် နောက်ဆုံး ဆက်သွယ်ခဲ့သူမှာ သာယာဝတီမြို့နယ် ဥတိုရွာနေ ကျော်သူရ(ခ)ဖိုးခွား(ခ)ပီကျော်ဟန်(၃၂)နှစ်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍အမှုမှ ကျော်သူရနှင့် ဖုန်းဆက်သွယ်သူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန်ရှိ ပုစွန်/ငါးပိ/ငံပြာရည်စက်ရုံမှ အလုပ်သမားမျိုးသက်(ခ) ဆံရှည်(၃၆)နှစ် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စက်ကြီးရွာနေသူကို မေ ၇ ရက်တွင် လည်းကောင်း၊ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် BB/---- TOYOTA CALDINA မီးခိုးရောင်ယာဉ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ကမာရွတ်ဘူတာ သက်သာဆိုင်ခန်းနေ ယာဉ်မောင်းသက်ဇော်ထွန်း(ခ)အငယ်လေး(ခ)ရာရှစ်(၃၁)နှစ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဇေယျာ(ခ)ရီနွတ်(၂၃)နှစ်တို့ နှစ်ဦးကို မေ ၁၂ ရက်တွင်လည်းကောင်း ဖမ်းဆီးခဲ့သည်။




စစ်ဆေးဖော်ထုတ်ချက်များအရ ကျော်သူရ၊ မျိုးသက်၊ ကျော်မင်းထွန်း၊ တင်သူအောင်၊ ရှိုင်းကိုကို၊ ကျော်ဇင်ဝင်းတို့သည် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းတွင် ဂျပန်နိုင်ငံ၌ အလုပ်လုပ်ရန်အတွက် "ဦးကျော်ကျော်နိုင် မိသားစုကုမ္ပဏီ"သို့ တစ်ဦးလျှင် ငွေကျပ် ၁၁၅ သိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၆၉၀ ပေးအပ်ခဲ့ကြောင်း၊ သွားရမည့်ရက်ချိန်း(၃/၄)ခါပေးသော်လည်း သွားခွင့်မရသဖြင့် ဦးကျော်ကျော်နိုင်ထံသွားရောက်ပြီး ပေးထားသည့်ငွေများ ပြန်တောင်းစဉ် ကိုညွန့်ဝေက ဦးကျော်ကျော်နိုင်အတွက် အာမခံခဲ့ကြောင်း၊ ၁၅ ရက်ခန့် အကြာတွင် ဦးကျော်ကျော်နိုင်မှာ ထွက်ပြေးခဲ့သဖြင့် ကိုညွန့်ဝေအား တွေ့ဆုံမေးမြန်းရာ ကိုညွန့်ဝေက ၎င်းနှင့်မဆိုင်၍ ငွေများပြန်လျော်မပေးနိုင်ကြောင်းပြောသဖြင့် စမ်းချောင်းရဲစခန်းတွင် ကိုညွန့်ဝေနှင့် ဦးကျော်ကျော်နိုင်တို့အား အမှုဖွင့်ခဲ့ကြောင်း၊ မေ ၅ ရက်တွင် ကျော်သူရနှင့် သက်ဇော်ထွန်းတို့သည် သက်ဇော်ထွန်း အငှားမောင်းနှင်သည့် BB/---- TOYOTA CALDINA ယာဉ်ဖြင့် စမ်းချောင်းမြို့နယ်အတွင်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ သွားရောက်၍ ကိုညွန့်ဝေ၊ ကိုညွန့်ဆွေတို့နှင့် ချိန်းဆို၍စည်းရုံးပြောဆိုပြီး ကားပေါ်တင်ဆောင်ခေါ်ယူခဲ့ကြောင်း၊ ဆက်လက်၍ ဇေယျာ၊ စောကျော်စွာ၊ မျိုးသက်နှင့် မော်တော်ကား (ခ) လွင်မောင်မောင်တို့အား ဝင်ရောက်ခေါ်ဆောင်ကာ ပဲခူးဘက်သို့ မောင်းနှင်ခဲ့ကြောင်း၊ လမ်းခရီးတွင် ကိုညွန့်ဝေ အာမခံထားသည့်ငွေများကို ပြန်တောင်းရာမှ အဆင်မပြေသဖြင့် လူသတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုတွင်ပါဝင်သော ကျော်သူရ(ခ)ဖိုးခွား(ခ)ပီကျော်ဟန်အား ဖမ်းဆီးရမိရေး စုံစမ်းနေစဉ် မေ ၁၃ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့မရဲစခန်းသို့ လာရောက်အဖမ်းခံသည်။ စစ်ဆေးလျက် ထွက်ပြေးတိမ်းရှောင်နေသည့် စောကျော်စွာနှင့် မော်တော်ကား(ခ)လွင်မောင်မောင်တို့အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

ဖတ်စရာ မှတ်စရာ

# ဆံနွယ်လေးတွေ သံစဉ်တေးလိပ်ပြာ

တေးသံရှင်အာဇာနည်၏ **"ဂန္ဓဝင်ဆည်းဆာ"** သီချင်းကို စာဖတ်သူအတော်များများ ကြားဖူးကြလိမ့်မည်ထင်ပါသည်။ သီချင်းမှာ ချစ်သူမိန်းကလေး၏ ဆံပင်အလှကို ဖော်ကျူးထားခြင်းဖြစ်ပြီး သံစဉ်မှာလည်း ကောင်းမွန်သဖြင့် လူကြိုက်များသော သီချင်းဖြစ်ပါသည်။ သီချင်း စာသားတွင် ဖွဲ့ထားသကဲ့သို့ပင် မြန်မာတို့၏ ဆိုရိုးစကားတွင် "ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး"ဟူသော စကားပင်ရှိပါသည်။ ထို့ကြောင့် မိန်းကလေးများ၏အလှကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။

ဖက်ရှင်ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင်လည်း မိတ်ကပ်မည်သို့ပင်ကောင်းစေကာမူ လိုက်ဖက်သော ဆံပင်ထုံးဖွဲ့မှုကို မပြုလုပ်နိုင်ပါက အလှအပကို အပြည့်အဝခံစားမှုမရရှိနိုင်ကြောင်း ထုတ်လွှင့်သွားပါသည်။ ထို့ကြောင့် ခေတ်၏ရေစီးကြောင်းအရ ဆံပင်အလှကို ဖော်ကျူးကြသည်ကို စာရေးသူအနေဖြင့် မည်သို့မျှ မပြောလိုပါ။

သို့သော် စာရေးသူပြောလိုသော ခေတ်ပေါ်ဆံပင်ထုံးဖွဲ့မှုများတွင် ဆံထုံးထုံးခြင်း၊ ကျစ်ဆံမြီးကျစ်ခြင်း၊ ရှေးယခင်ကကဲ့သို့ ဆံထုံးကိုပိုက်ကွန် (Net) ဖြင့် ဖုံးအုပ်ထားသည့် ဆင်ယင်ထုံးဖွဲ့မှုစသည့် ဖက်ရှင်ပုံစံများ မပါဝင်ပါ။ ဆံပင်အား လွတ်လပ်စွာချထားသည့် (Free Hair Style)ဆံပင်ပုံစံများကိုသာ တင်ပြလိုခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် ဆံပင်ရှည်ထားသော အမျိုးသားများနှင့် ဆံပင်ရှည်လွတ်လပ်စွာ ချထားသည့် အမျိုးသမီးများစွာကို တွေ့မြင်နေရပါသည်။ ၎င်းတို့၏ ဆံပင်အရှည်များမှာလည်း အချို့မှာကုပ်ဝဲပုံစံ၊ အချို့မှာ ကျောလယ်အထိ ဖားလျားချပုံစံ၊ အချို့မှာ ခါး၊ အချို့မှာ တင်ပါးအထိချထားသည့် ဆံပင်ပုံစံအမျိုးမျိုးဖြင့် ဆင်ယင်ထုံးဖွဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆံပင်ကို စည်းနှောင်ခြင်းမရှိဘဲ ဖားလျားချသည့်ပုံစံသည် မိမိတို့၏ နေအိမ်၊ ရုံးခန်း၊ ကိုယ်ပိုင်ယာဉ်များပေါ်တွင် အများပြည်သူအတွက် မည်ကဲ့သို့မျှ ပြဿနာမရှိသော်လည်း အများပြည်သူ သယ်ယူပို့ဆောင်ပေးနေသည့် ကားများ၊ ရထားများပေါ်တွင်မူ ပတ်ဝန်းကျင်ကိုအနှောင့်အယှက်ဖြစ်စေသည်ကိုတွေ့ရှိရပါသည်။

ဥပမာအားဖြင့် ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ဦး ဘတ်စ်ကား၏ ပြတင်းပေါက်အနီးတွင် ထိုင်သည်ဆိုပါက ကား၏ အရှိန်ဖြင့် ပြတင်းပေါက်မှ တိုးဝင်လာသည့် လေတိုက်ခတ်မှုကြောင့် ၎င်း၏ ဆံပင်သည် ၎င်း၏နောက်ဘက်ရှိ ထိုင်ခုံမှ ခရီးသည်တို့နှင့် ဘေးထိုင်ခုံမှ ခရီးသည်တို့၏ မျက်နှာများသို့ အရှိန်ဖြင့် ရိုက်ခတ်လေ့ရှိကြောင်း ကြုံဖူးသူတိုင်းသိရှိနိုင်ပါသည်။ နောက်ဖြစ်စဉ်တစ်ခုမှာ နောက်ထိုင်ခုံမှ ခရီးသည်က ကား၏အရှိန်ကြောင့် ကားယိမ်းယိုင်သွားသည့်အခါမျိုးတွင် ရှေ့ထိုင်ခုံမှ တန်းကို အားပြုကိုင်လေ့ရှိသည်။ ထိုအခါမျိုးတွင် နောက်ကြောထိုင်ခုံတန်းပေါ်သို့ ကျော်၍ ကျနေသောဆံပင်များကို ဆွဲမိလေ့ရှိပါသည်။ နောက်ထိုင်ခုံမှ ခရီးသည်သည် အမျိုးသားဖြစ်ပါက အနည်းဆုံးမျက်စောင်းထိုးတာတော့ ခံရမည်ပင်ဖြစ်ပါသည်။ လေတွင် လွင့်ပျံ့နေသော ဆံပင်များကို လက်တစ်ဖက်ဖြင့်စုစည်း၍ ဆောရီးနော်ဦးလေးဟု တောင်းပန်သော မိန်းကလေးတစ်ဦးကို တွေ့ဖူးသကဲ့သို့ မိမိ၏ဆံပင်များဘေးလူ၏ မျက်နှာကို ရိုက်နေသည်ကို သိလျက်နှင့် ကားပြတင်းပေါက် အပြင်ဘက်သို့ မျက်နှာလှည့်ပြီး မသိချင်ယောင်ဆောင်နေသော အမျိုးသမီးမျိုးကိုလည်း မြင်ဖူးပါသည်။

ဤစာကိုရေးရသည့်အဓိကအကြောင်းတစ်ရပ်မှာ ဤသို့ဖြစ်ပါသည်။ ရုံးဖွင့်ရက်တစ်ရက်တွင် ပုဇွန်တောင်ဈေးမှတ်တိုင်မှ ဘတ်စ်ကားပြန်အထွက်တွင် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးတက်လာပါသည်။ တက်လာသောရဟန်းအား ရှေ့ပိုင်းတွင် သွားထိုင်ရန် ယာဉ်နောက်လိုက်ကလျှောက်ထားသော်လည်း ရှေ့မှတ်တိုင် နှစ်တိုင်သာစီးမည်ဖြစ်သဖြင့် မထိုင်လိုတော့ကြောင်း ပြန်ပြောပြီး ဘေးထိုင်ခုံမှတန်းကိုကိုင်ကာ မတ်တတ်ရပ်ပြီး စီးနင်းလိုက်ပါလာခဲ့ပါသည်။ ဤတွင် ရဟန်းတော်ဘေးတွင် ပြတင်းပေါက်ဘက်သို့ မျက်နှာမူပြီး မတ်တတ်ရပ်လိုက်ပါလာသော ကုမ္ပဏီဝန်ထမ်းအမျိုးသမီးငယ်၏ ဖားလျားချထားသော ဆံနွယ်ပင်များက ရဟန်းတော်၏မျက်နှာ၊ လက်မောင်းနှင့် ကိုယ်အထက်ပိုင်းသို့ ရိုက်ခတ်နေသည်ကို တွေ့လိုက်ရပါသည်။ ရဟန်းခမျာမှာလည်း ရှောင်ရန်နေရာမရှိသဖြင့် ဆင်းမည့်မှတ်တိုင်မရောက်မချင်း ဆံနွယ်ကလေးများ၏ဒဏ်ကို ခံသွားရသည်ကို တွေ့ရှိရပါသည်။

ဆောင်းပါးမူကြမ်းကိုဖတ်ရှုလိုက်သော မိန်းကလေးတစ်ဦးကမူ "ဒီလိုလှချင်လို့ကို ငွေနှစ်သောင်းကျော်အကုန်ခံပြီး ဖြောင့်ထားရတာ ဦးလေးရဲ့။ အဲဒါကို စည်းထားပြီးကားစီးဖို့မဖြစ်နိုင်ဘူးနဲ့တူတယ်"ဟုပြောရာ မိမိက "လှချင်တာလည်းလှချင်တာပေါ့သမီးရယ်။ မိမိအလှကြောင့် သူတစ်ပါးကသိကအောက်ဖြစ်တာမျိုးကိုသိပြီး ဆင်ခြင်စေချင်လို့ပြောတာပါကွယ်"ဟု ပြန်ပြောမိပါသည်။

လူအများစုသည် သူတစ်ပါး၏ ဆံပင်၊ အမွေးအမှင်များကို တတ်နိုင်သမျှမထိတွေ့လိုကြပါ။ အထူးသဖြင့် စားသောက်ဖွယ်ရာများတွင် ဆံချည်မျှင်များပါလာပါက ဆက်မစားတော့သည့် လူအချို့ကိုလည်း တွေ့မြင်ဖူးပါသည်။ သို့ပါ၍ ကျွန်တော်တို့ မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့၏အလှအပအတွက် ကြိုက်နှစ်သက်သည့်ဆံပင်ပုံစံကိုထားနိုင်သော်လည်း အများပြည်သူအကြား သွားလာသောအခါတွင် ဆံပင်များကို စုစည်း၍လည်းကောင်း၊ ဆံထုံးထုံး၍လည်းကောင်း၊ ကျစ်ဆံမြီးကျစ်၍လည်းကောင်း မြန်မာမလေးပီပီ ဆံနွယ်ကလေးများကို သပ်သပ်ရပ်ရပ်ပြုပြင်၍ သွားကြမည်ဆိုပါက ပိုကောင်းမည်ဖြစ်ကြောင်း သတိပြုမိကြစေရန် အကြံပြုတင်ပြလိုက်ပါသည်။ ။

လင်း

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး အခမဲ့ထိုးနှံ



**ရန်ကုန် မေ ၁၇**

အာရှတိုက်တွင် သားအိမ်ခေါင်းကင်ဆာရောဂါကြောင့် လေးမိနစ်တွင် အမျိုးသမီးတစ်ဦး သေဆုံးလျက်ရှိကြောင်း၊ အမျိုးသမီးများတွင် ဖြစ်ပွားလေ့ရှိသည့်ကင်ဆာရောဂါများအနက် သေဆုံးမှုနှုန်း ဒုတိယအများဆုံးဖြစ်ကြောင်း၊ အမျိုးသမီးများ အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး ဖြစ်ပွားတတ်သည့်အတွက် သားအိမ်ခေါင်းကင်ဆာအကြောင်း သိထားသင့်ပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်ကြောင်း မေလ ဒုတိယပတ်က ရန်ကုန်မြို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း အခမ်းအနားမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံလူဦးရေ၏ ၆၀ရာခိုင်နှုန်းသည် မိခင်နှင့် ကလေးများဖြစ်ပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသည် မြန်မာ့လူမှုရေးဘဝများကို မြှင့်တင်ပေးရာရောက်ကြောင်း၊ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ပညာရေး၊ စီးပွားရေး၊ လူမှုရေးကို မြှင့်တင်ပေးရန် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် အမျိုးသမီးငယ်လေးများ ကျန်းမာပျော်ရွှင်စွာဖြင့် ကောင်းမွန်စွာ ဘဝရပ်တည်နိုင်ရေးကို တစ်ဖက်တစ်လမ်းက စောင့်ရှောက်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပထမအကြိမ်အနေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် ရပ်ကွက်/ကျေးရွာများရှိ အသက် ၉ နှစ်မှ ၁၃ နှစ်အရွယ် မိန်းကလေးဦးရေ ၁၀၀ အား အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ပြီး နောက်ခြောက်လအကြာ ဒုတိယအကြိမ်တွင်လည်း ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သဇင်ညွန့်က** "ဒီကာကွယ် ဆေးထိုးတာဟာ တစ်ကြိမ်တည်းနဲ့ မပြီးဘူး။ ၁၅ နှစ်အောက်ဆို နှစ်ကြိမ်ထိုးရပါတယ်။ အခု တစ်ကြိမ်ထိုးပြီးရင် ခြောက်လပြည့်ရင် တစ်ကြိမ်ထပ်ထိုးရမှာဖြစ်ပါတယ်။ကာကွယ်ဆေးထိုးထားရင် ၉၃ ရာခိုင်နှုန်းလောက်မဟုတ်ရင်တောင် ၇၀ ရာခိုင်နှုန်းလောက် ကာကွယ်နိုင်ပါတယ်။ ကောင်းမွန်စွာ ကာကွယ်ပြီးသားဖြစ်သွားမှာပါ"ဟုပြောသည်။

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းအမျိုးသမီးများတွင် အဖြစ်များသောရောဂါဖြစ်ပြီး တစ်နှစ်အတွင်း အမျိုးသမီး ငါးသိန်းခန့်သည် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားနေကြကာ ၅၀ ရာခိုင်နှုန်းကျော်သည် သားအိမ်ခေါင်းကင်ဆာကြောင့် သေဆုံးနေကြောင်း သိရသည်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှု ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဖြစ်ပွားပြီး မြန်မာနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုသည် အမျိုးသမီးများတွင်ဖြစ်ပွားသောရောဂါများအနက် ဒုတိယအများဆုံးဖြစ်ပြီး မျိုးပွားအင်္ဂါတွင်ဖြစ်ပွားခဲ့သော ကင်ဆာရောဂါများ၏ လေးပုံတစ်ပုံခန့်ရှိသည့်အတွက် အမျိုးသမီးများအနေဖြင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားရသည့် အကြောင်းအရင်းများကို သိရှိပြီး ကြိုတင်ကာကွယ်ခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှုနှုန်းကို လျော့ကျစေမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# မြန်မာ့အာမခံလုပ်ငန်းက ရုရှားငါးဖမ်းသင်္ဘောသားများအား အာမခံလျော်ကြေးပေးအပ်

**ရန်ကုန် မေ ၁၇**

ဧပြီ ၂ ရက်က ရုရှားငါးဖမ်းသင်္ဘော MV-Dalnity Vostok နစ်မြုပ်မှုတွင် ကွယ်လွန်ခဲ့သည့် သင်္ဘောသား ၁၂ ဦးအတွက် အသက်အာမခံလျော်ကြေးငွေများပေးအပ်ပွဲကို မေ ၁၄ ရက် မွန်းလွဲပိုင်းက မြန်မာ့အာမခံလုပ်ငန်း-ရန်ကုန် (ရုံးချုပ်)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရုရှားငါးဖမ်းသင်္ဘော MV-Dalnity Vostok တွင် ကွယ်လွန်သည့် သင်္ဘောသား ၁၂ ဦးကို တစ်ဦးလျှင် အသက်အာမခံလျော်ကြေးငွေ သိန်း၅၀ နှုန်းဖြင့် ၁၂ ဦးအတွက် ကျပ်သိန်း ၆၀၀ နှင့် ၂၀၁၃ ခုနှစ် South Atlantic Ocean ရေပိုင်နက်အတွင်း သင်္ဘောပေါ်မှ ပျောက်ဆုံးခဲ့သည့် ဦးတင်မောင်လတ်အတွက် ၎င်း၏သမီးဖြစ်သူထံ အာမခံကျပ်ငွေ ၄၅ သိန်းအား မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပေးအပ်ခဲ့သည်။

"အသက်အာမခံဆိုတာ ထားသင့်ပါတယ်။ အာမခံထားရှိတဲ့အတွက် အရေးကြုံက အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုစေနိုင်မှာပါ"ဟု မြန်မာနိုင်ငံသင်္ဘောသားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်ဦးစံသိန်းက ပြောသည်။

ပေးအပ်ပွဲသို့ ရေကြောင်းဦးစီးဌာနမှ အရာရှိများနှင့် မြန်မာနိုင်ငံသင်္ဘောသားများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်ဦးစံသိန်းနှင့် သေဆုံးသူသင်္ဘောသားများ၏ မိသားစုများ တက်ရောက်ခဲ့ကြပြီး သင်္ဘောသား အသက်အာမခံကြေးလက်ခံသူမိသားစု ဝင်များက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့အတူရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အောင်တံခွန်သင်္ဘောနစ်မြုပ်မှုတွင် သေဆုံးသူများအနက် အလောင်းပြန်လည်တွေ့ရှိသူ ၆၅ ဦးရှိရာတွင် ၃၁ဦးမှာ ပိုင်ရှင်ရှိသဖြင့် တစ်ဦးလျှင် ကျပ်ငါးသိန်းနှုန်းဖြင့် သက်ဆိုင်ရာက ဆက်လက်ပေးလျော်နေပြီး ပိုင်ရှင်မဲ့အလောင်းများကို အာမခံစည်းကမ်းအရ ပေးလျော်ခြင်းမရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**



# စည်းကမ်းမဲ့အမှိုက်များကြောင့် ရေထွက်မြောင်းပိတ်ဆို့

**ရေတာရှည် မေ ၁၇**

ဆွာမြို့ မြောက်ပိုင်းရပ်ကွက် တိုက်နယ်ဆေးရုံတောင်ဘက်ကပ်လျက် ရန်ကုန်-မန္တလေးကားလမ်းအနီးတွင် မြို့တွင်းမှရေဆိုးများ စီးဆင်းစေရေး တူးဖော်ထားသောမြောင်းသည်ချုံနွယ်ပိတ်ပေါင်းများ၊ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကြောင့် မြို့အင်္ဂါရပ်ကိုအရုပ်ဆိုးအကျည်းတန်ကြောင်း မြို့ခံအများစုက ဆိုသည်။ အဆိုပါရေထုတ်မြောင်းကို မိုးမကျမီ တူးဖော်နိုင်ခြင်း မရှိပါက လူနေရပ်ကွက်များအတွင်း ရေများဝပ်ကာ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ သွားလာရေးအတွက်သော်လည်းကောင်း ထိခိုက်လာနိုင်ကြောင်း သုံးသပ်မှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

# ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မည့်အခြေအနေများ ဖြစ်ပေါ်

**ကော့သောင်း မေ ၁၇**

ဘင်္ဂလား ပင်လယ်အော်အတွင်း မုန်တိုင်းဖြစ်ပေါ်မည့်အခြေအနေများ ဖြစ်ပေါ်နေကြောင်း မေ ၁၇ ရက် နံနက်ပိုင်းတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် သိရသည်။

အဆိုပါ ဖော်ပြချက်တွင် ဘင်္ဂလားပင်လယ်အော်ထဲ၌မုန်တိုင်းဖြစ်ပေါ်မည့်အခြေအနေများ ဖြစ်ပေါ်နေကြောင်း၊အမေရိကန်ပြည်ထောင်စု NOAA အဖွဲ့ကြီးမှ မေ ၁၆ ရက် ညနေ ၆ နာရီခွဲမှ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ဆက်စပ်နေသည့် အနောက်အလယ်ပိုင်းတို့ထဲတွင် မုန်တိုင်းဖြစ်နိုင်ခြေ အလားအလာ ၆ရာခိုင်နှုန်းမှ ၈ရာခိုင်နှုန်းအထိရှိလာနေပြီဟု ခန့်မှန်းထားကြောင်း၊ School of Earth and Atmospheric Sciences, Georgia Institute of Technology ကထုတ်ပြန်သည့် CFAN ခန့်မှန်းမှုအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် မေ ၂၂ ရက်မှ ၂၄ ရက်အတွင်း မုန်တိုင်းငယ်တစ်ခုဖြစ်လာနိုင်ခြေ ၅၀ ရာခိုင်နှုန်းမှ ၇၀ရာခိုင်နှုန်းအထိ သေချာနေပြီဟု ခန့်မှန်းထားကြောင်း၊ အိန္ဒိယနိုင်ငံမိုးလေဝသဌာနမှလည်း မေ ၂၂ရက်မှ ၂၄ရက်အတွင်း မြန်မာနိုင်ငံအနောက်မြောက်ပိုင်းဒေသများဆီသို့ အနောက်ဘက်မှရွေ့လျားလာမည့် လေစိုင်ခဲ(ကုန်းတွင်းမုန်တိုင်း)ကြောင့် လေပြင်းများတိုက်ခတ်နိုင်ပြီးမိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ခန့်မှန်းဖော်ပြပါရှိသဖြင့် မြန်မာနိုင်ငံအနောက်မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသနေပြည်သူများ သတိထားကာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာမည့် မိုးလေဝသသတင်းများအား စောင့်ကြည့်လေ့လာကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု လှိုင်ကော်၌ ပြုလုပ်

**လှိုင်ကော် မေ ၁၇**

ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ဂေဟစနစ်များ ပျက်ပြားပြီး သဘာဝဘေးများဖြစ်ပွားမှု ပိုမိုများပြားလာလျက်ရှိရာ ကမ္ဘာနှင့်အဝန်း သဘာဝဘေးအန္တရာယ်ကာကွယ်လျော့ကျနိုင်ရေးအတွက် ပိုမိုအလေးထားလုပ်ဆောင်လာကြသည်။

မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးဖြစ်ပွားမှုများ နှစ်စဉ်များပြားလျက်ရှိပြီး မေလနှင့် ဇွန်လတို့များသည် လေပြင်းတိုက်ခတ်မှုများ၊ မုန်တိုင်းအန္တရာယ်များအား အထူးသတိထားရမည့် အချိန်အခါဖြစ်ရာ မေ၁၅ ရက်နံနက်ပိုင်းကမုန်တိုင်းဘေးအန္တရာယ် ဇာတ်တိုက် လေ့ကျင့်ခြင်းကို လှိုင်ကော်မြို့ နန်းကွတ်ကျေးရွာ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ဇာတ်တိုက်လေ့ကျင့်ခြင်းတွင် နန်းကွတ်ကျေးရွာ အိမ်ခြေ ၃၅၀၊ အိမ်ထောင်စုပေါင်း ၃၅၂ စု၊ လူဦးရေ ၁၀၁၃ ဦး ရှိပြီး တက်ရောက်အင်အား ၃၀၀ ကျော်တို့ကိုစုစည်းပြီး ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များဖြင့် သယ်ဆောင်ပြီး ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ချိကယ်ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းသို့ ပို့ဆောင်ပေးခြင်း၊ လူဦးရေစာရင်းများ ကောက်ယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများဟောပြောဆောင်ရွက်ခြင်း၊ စားသောက်ဖွယ်ရာများ ပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ် လှိုင်ကော်ရှိ နန်းကွတ်ကျေးရွာသည် လေဘေးနှင့် ရေဘေးခံစားရသောဒေသတစ်ခုဖြစ်သောကြောင့် ၎င်းဒေသအား ရွေးချယ်၍ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မုန်တိုင်းဘေး အန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ပြည်သူများအတွက်သဘာဝဘေး အသိပညာဗဟုသုတများရရှိစေပြီး ဘေးအန္တရာယ်ဖြစ်လာချိန်တွင် အချိန်နှင့်တစ်ပြေးညီ ပြန်လည် တုံ့ပြန်နိုင်ခြင်းနှင့် ပြည်သူများဝိုင်းဝန်းဆောင်ရွက်တတ်သော အလေ့အထတိုးပွားစေရန်အတွက် ယခုလို ဇာတ်တိုက်လေ့ကျင့်ရခြင်းဖြစ်ကြောင်း ကယားပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

**ခရိုင်ပြန်/ဆက်**

# Public Digital Library Service စက်များတွင် ထည့်သွင်းအသုံးပြုရန် ဝတ္ထု၊ သုတ၊ ရသ၊ ကာတွန်းစာအုပ် စာစောင်များ၏ Electronic Version များ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

**နေပြည်တော် မေ ၁၇**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စာကြည့်တိုက်များ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် လူစည်ကားရာနေရာများ (သင်္ဘောဆိပ်၊ လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ ဆေးရုံ၊ တက္ကသိုလ်)စသည်တို့တွင် Laptop များ၊ Mobile Phone များ၊ Tablet များဖြင့် Wifi စနစ်ကိုအသုံးပြု၍ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Public Digital Library Service (PDLS) စက်ကို စာအုပ် ၇၁၂၅ ပါဝင်သော စက်စုစုပေါင်း အလုံးရေ ၆၀၀ အား ဝယ်ယူတပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးမှ မြို့နယ်အသီးသီးရှိ လူစည်ကားရာ နေရာများတွင် ပြည်သူများအနေဖြင့် စာပေဗဟုသုတများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် Public Digital Library Service စက် အလုံး ၂၀၀ ကို ထပ်မံ တပ်ဆင်ဆောင်ရွက်ပေးသွားရန်ရှိပြီး စာဖတ်ရှုလေ့လာသူများအနေဖြင့် မိမိတို့ကိုယ်တိုင် လေ့လာဖတ်ရှုရန်အတွက်သာ အသုံးပြုပါရန် (Fair Use) နှင့် တစ်ဆင့်ဖြန့်ဝေခြင်း၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဆင့် ဖြန့်ဖြူးရောင်းချခြင်းတို့ မပြုရန် မေတ္တာရပ်ခံ ဖော်ပြသွားမည်ဖြစ်ပါသည်။

၃။ ပြည်သူများ စာပေဗဟုသုတ အလွယ်တကူ ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်၍ စာရေးဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ စာပေထုတ်ဝေသူများအနေဖြင့်လည်းကောင်း စာအုပ် Electronic Version (Soft Copy-PDF)များကို လှူဒါန်းမှုပြုလုပ်နိုင်ပါရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲ (ရန်ကုန်)၊ ဦးဆန်းဝင်း (စာတည်းမှူး) ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂၊ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် စာအုပ်များ၏ Electronic Version များကို စာရေးဆရာကြီး၊ ဆရာမကြီးအနေဖြင့် ရောင်းချလိုပါကလည်း ရောင်းချနိုင်မည့် မျှော်မှန်းဈေးနှုန်းဖော်ပြ၍ အဆိုပါ ဖုန်းနံပါတ် သို့ ဆက်သွယ်ရောင်းချနိုင်ပါကြောင်း ရိုသေလေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# သောက်သုံးရေသန့်များ လှူဒါန်း

**တွံတေး မေ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဂျောင်ဝိုင်ကြီးကျေးရွာတွင် အပူချိန်မြင့်မားလာသောကြောင့် သောက်သုံးရေကန်များ ခန်းခြောက်သွားသဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေများ ပြတ်လပ်လျက်ရှိရာ မေ ၁၆ နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်များက ရေသန့်ဘူးတစ်လီတာ ခြောက်လုံးကတ် ၇၅၀ နှင့် ရေသန့်ဘူးကြီး ၁၄၀ တို့ကို တွံတေးမြို့နယ် ဂျောင်ဝိုင်းကြီးကျေးရွာသို့ သွားရောက်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ကျေးရွာနေပြည်သူများကို သောက်သုံးရေများ ပြန်လည်ပေးလှူခဲ့ကြောင်းသိရသည်။

**တင်မောင်ဦး(အလုံ)**

# ပြည်မြို့၌ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သုံးထပ်စာသင်ဆောင်သစ်ဖွင့် သူနာပြုဒီပလိုမာ သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်း

**ပြည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့၌ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သုံးထပ်စာသင်ဆောင် အသစ်ဖွင့်လှစ်ပွဲနှင့် သူနာပြုဒီပလိုမာ သင်တန်းအပတ်စဉ်(၂၁)နှင့် သားဖွားဒီပလိုမာသင်တန်းအပတ်စဉ်(၉၃) ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနားကို မေ ၁၅ ရက်က ပြည်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မို့မို့ဦးက ကျောင်းဆောင်သစ်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်အား ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(သူနာပြု)ဒေါ်နွဲ့နွဲ့ခင်၊ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် ပြည်မြို့အထွေထွေရောဂါကုဆေးရုံအုပ်ကြီးဒေါက်တာတင့်ရွှန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ အဆောက် အအုံသစ်မှာ အလျားပေ ၁၅၀၊ အနံပေ ၄၀၊ အမြင့် ၃၆ ပေ အာရ်စီ သုံးထပ်ဖြစ်ကာ နိုင်ငံတော်မှ ကျပ်သိန်း ၆၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းနောက် သူနာပြုဒီပလိုမာသင်တန်းနှင့် သားဖွားဒီပလိုမာ သင်တန်းများ၏ ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းခြင်းအခမ်းအနားကို သူနာပြုသင်တန်းခန်းမဆောင်တွင် ဆက်လက်ကျင်းပရာ ပထမနှစ်သူနာပြုနှင့် သားဖွားသင်တန်းသူ ၁၁၉ ဦးတို့ကို တာဝန်ရှိသူများက ဂျူတီကုတ်နှင့် ဦးဆောင်းတို့ကို အပ်နှင်းပေးအပ်ခဲ့သည်။

**(မြင့်နိုင်-ပြည်)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

**ညောင်တုန်း မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စက္ကော့ရေလယ်ကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ခြင်းကို မေ ၁၆ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးကျော်ဇေယျာတင့်၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးအရာရှိ ဦးကိုကိုမောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ မြေသားလမ်းသည် ပေ ၃၅၀၀ ကျော် ရှည်ကာ အမြင့် ငါးပေ၊ အကျယ် ၁၂ ပေရှိပြီး စက္ကော့ရေလယ်ကျွန်းကျေးရွာအုပ်စုမှ ညောင်တုန်းတာကွေ့ (နတ်ပေး) လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်ခြင်းဖြစ်သည်။ စက္ကော့ရေလယ်ကျွန်းကျေးရွာအုပ်စုသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး မိုးတွင်းအခါမြစ်ရေလျှံတက်လာပါက လက်လှော်လှေငယ်များဖြင့် သွားလာကြရသည်။ ကုန်စည်ပို့ဆောင်မှု၊ ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းပြန်နှင့် အခြားလူမှုရေးကိစ္စအဝဝတို့တွင် အခက်အခဲများရှိပြီး ထိုကျေးရွာမှ ညောင်တုန်းတာကွေ့သို့ ဖောက်လုပ်ထားသော လမ်းမကြီးသို့ ရောက်ရန် ပေ ၃၅၀၀ ခန့် ဝေးသည်။ ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး စိုက်ပျိုးလုပ်ကိုင်သော ကျေးရွာများဖြစ်ပြီး ရန်ကုန်မြို့သို့ နွေ၊ မိုး၊ ဆောင်းရာသီကုန်သီးနှံများကို နေ့စဉ်ကားကြီး၊ကားငယ်များဖြင့် တင်ပို့နေသော ကျေးရွာများဖြစ်သည်။ အဆိုပါ မြေသားလမ်းသည် ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး မကြာမီ နွေ၊မိုး၊ဆောင်း သွားလာနိုင်တော့မည်ဖြစ်သည်။

**(၀၇၆)**



# ချစ်သူဟောင်းအန်ဒရူးဂါဖီးက ကဗျာဆရာတစ်ယောက်လိုပဲလို့ပြောတဲ့ အီမာစတုန်း

မေလထုတ်အင်တာဗျူးမဂ္ဂဇင်းတွင် မင်းသမီးဒိုင်ယန်ကီးတင်က အီမာစတုန်း၏ အလှအပနှင့် သူ၏ချစ်မှုရေးရာကိစ္စများနှင့် ပတ်သက်၍မေးမြန်းခဲ့သည်။

(အင်တာဗျူးသည်မင်းသမီးအီမာစတုန်းနှင့် သူ၏ချစ်သူဟောင်းအန်ဒရူးဂါဖီးတို့လမ်းမခွဲမီ မတ်လအတွင်း၌ ပြုလုပ်ခဲ့သော အင်တာဗျူးဖြစ်သည်။)

**အချစ်ရေး**

**ကီးတင်။ ။ အန်ဒရူးဂါဖီးပြောတာကတော့အီမာနဲ့ချစ်ကြိုက်နေရတာဟာ အကွေ့အကောက်များတဲ့မြစ်တစ်စင်းထဲ ခုန်ဆင်းရသလိုပဲ။ သည်းထိတ်ရင်ဖိုစရာကောင်းတယ်။ကိုယ့်ကိုယ်ကိုယ်လည်း မထိန်းချုပ်နိုင်တော့ဘူး။ သူ့ရဲ့ အချစ်တွေက အလိုအလျောက်ဖြစ်တည်နေတာပါလို့ပြောတယ်။ အဲဒီတော့ ကျွန်မအနေနဲ့သိချင်တာက ကိုယ့်အပေါ် ဒီလိုမျိုးချစ်ခင်နှစ်သက်မှုရှိတယ်လို့ ကြားလိုက်ရတော့ စတုန်းအနေနဲ့ ဘယ်လိုများခံစားလိုက်ရပါလဲ. . . .**

စတုန်း။ ။ (ရယ်လျက်) သူက အဲဒီလိုမျိုး ပြောတတ်တဲ့ ကဗျာဆရာတစ်ယောက်ပဲလေ။ တကယ်တော့ အဲဒီလိုမျိုးကြားလိုက်ရတဲ့အခါ မိန်းမသားဖြစ်တဲ့ ကျွန်မလည်း စိတ်လှုပ်ရှားပြီး ရင်ခုန်ပါတယ်။ ပြီးတော့ ကျွန်မသိပါတယ်။ သူက ဒီလိုမျိုး ပြောတတ်တာကို။

**ကီးတင်။ ။ တကယ်ပြောတာဖြစ်မှာပါ စတုန်းရယ်. . . .**

စတုန်း။ ။ သူက ကဗျာဆန်ဆန်ဆို သိပ်ကိုပြောတတ်တာလေ။

**အလှအပ**

**ကီးတင်။ ။ ကျွန်မကတော့ ရှင့်ကို သမားရိုးကျ လှတာထက်ကို ပိုတယ်လို့ မြင်တယ်။**

စတုန်း။ ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

**ကီးတင်။ ။ အလှအပနဲ့ပတ်သက်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုချင်တာမျိုး . . . .**

စတုန်း။ ။ ထူးခြားမှုရှိရင်တော့ ပိုပြီးလှနေမှာပါ။ လူတစ်ယောက်ရဲ့အတွင်းစိတ်က သူ့ရဲ့မျက်နှာမှာလာပေါ်နေတတ်တာဆိုတော့ စိတ်ကောင်းထားပြီး ဘယ်အရာမဆို အကောင်းမြင်စိတ်နဲ့ကြည့်မယ်။ အတတ်နိုင်ဆုံးစိတ်ကို ဖြူစင်အောင်ထားမယ်ဆိုရင်တော့ သူများထက်ထူးပြီးလှနေမှာပါ။ ဆွဲဆောင်မှုရှိတဲ့အလှပိုင်ရှင်လည်းဖြစ်နေမှာပါ။ ဒီအချက်ကပဲ လူတွေရဲ့စိတ်ကို ဆွဲဆောင်နိုင်တာပါ။

**ပရိသတ်အပေါ်ထားရှိသည့် သဘောထား**

စတုန်း။ ။ ကျွန်မက ပရိသတ်တွေကို အတတ်နိုင်ဆုံးရှောင်ပုန်းတတ်သူ တစ်ယောက်ဖြစ်နေတယ်။ အဲဒီလိုမျိုးပရိသတ်အတွက် အချိန်မပေးနိုင်တာက မကောင်းပါဘူး။ တကယ်ဆိုရင် ပရိသတ်တစ်ယောက်ယောက်ကလာပြီး ကိုယ့်ရဲ့အနုပညာလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ခုခုပြောဆိုတာမျိုးပဲဖြစ်ဖြစ်၊ ဝေဖန်အကြံပြုတာမျိုးလုပ်တာပဲဖြစ်ဖြစ် ကိုယ်ကလက်ခံပြီး အချိန်ပေးလိုက်နိုင်မယ်ဆိုရင်တော့ အကျိုးကျေးဇူးအများကြီးရသွားမှာပါ။



အမေရိကန်ရုပ်ရှင်သရုပ်ဆောင်မင်းသမီး အီမာစတုန်းကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင်မွေးဖွားခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အနုပညာလောကထဲ စတင်ဝင်ရောက်ခဲ့သူဖြစ်သည်။ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ၂၀၁၄ ခုနှစ်တွင် ရရှိခဲ့ပြီး Birdman(or) The Unexpected Virtue of Ignorance နှင့် Easy A ရုပ်ရှင်ဇာတ်ကားများအတွက် ရွှေကမ္ဘာလုံးဆုကို နှစ်ကြိမ်တိုင်တိုင်ရရှိထားပြီးသူလည်း ဖြစ်သည်။

**စန္ဒာဝင်း**

# နောက်ထွက်မည့်အခွေသည် သူ၏အကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်လိမ့်မည်ဟု ဆယ်လီနာဂိုမက်စ်ပြောကြား



ဆယ်ကျော်သက်အဆိုတော်အဖြစ်မှ နာမည်ရလာခဲ့သော အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာ ဂိုမက်စ်က သူ၏ နောက်ထွက်ရှိမည့် တေးအယ်လ်ဘမ်သည် သူ့ဘဝတစ်သက်တာအတွက် အကောင်းဆုံးသော တေးအယ်လ်ဘမ် တစ်ခုဖြစ်လာလိမ့်မည်ဟု ပရိသတ်များကို ကတိပြုပြောကြားလိုက်သည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ပြုလုပ်ခဲ့သော mtv ၏ Google Hangout အစီအစဉ်တွင် ဂိုမက်စ်က နေ့မနား ညမအား တေးအယ်လ်ဘမ်အတွက် သူကြိုးစားနေကြောင်းနှင့် ပရိသတ်ကို လုံးဝစိတ်မပျက်စေရပါကြောင်း သူ၏ အယ်လ်ဘမ်သစ်အတွက် အာမခံလိုက်သည်။

ဂိုမက်စ်က "အယ်လ်ဘမ်သစ်အတွက် ကျွန်မ အစွမ်းကုန်ကြိုးစားနေပါတယ်။ လက်စသတ်တော့မှာပါ။ မက္ကဆီကိုမှာလည်း သွားရောက်ရိုက်ကူးခဲ့ပါတယ်။ ကျွန်မအသံသွင်းခန်းမှာပဲ တစ်ချိန်လုံးနေပြီး ဒီအခွေအတွက်အလုပ်ရှုပ်နေတာ။ ဒီအခွေကို ပရိသတ်တွေရှေ့ချပြဖို့ ကျွန်မအလွန် စိတ်လှုပ်ရှားမိတယ်။ ခုချက်ချင်းတောင် ချပြလိုက်ချင်ပေမယ့် မဖြစ်နိုင်သေးဘူးလေ"ဟု ပြောသည်။

ဆက်၍ သူက "ကျွန်မတို့ ကိုယ်လုပ်နေတဲ့ အလုပ်မှာ မပျော်တော့ဘူးဆိုရင် အဲဒါအမှားလုပ်မိတာပဲ။ ဘဝ ဆိုတာ ခက်ခဲပါတယ်။ အခြားသူတွေဘယ်လိုပဲထင်ထင် ကျွန်မ ဘဝမှာ အလွန်လွယ်တဲ့အရာဆိုတာ မရှိခဲ့ပါဘူး။ ဒါပေမယ့် ကျွန်မ တတ်နိုင်သလောက်အကောင်းဆုံးဖြစ်အောင် ရှေ့ဆက် ခဲ့တယ်။ အဓိကပျော်ရွှင်ဖို့ပဲ၊ ဘဝ တစ်ခုဟာ အလွန်တန်ဖိုး ကြီးမားလှပါတယ်။ ကျွန်မတို့ လုပ်နိုင်တဲ့အရာတွေ၊ လုပ်သင့်တဲ့ အရာတွေလည်း အများကြီးပါ။ သူတစ်ပါးအပေါ်မှာ စိတ်ကောင်းနှလုံးကောင်းထားမယ်၊ ကြင်နာမယ်၊ အလုပ်ကိုလည်း ကြိုးစားမယ်ဆိုရင် ဘဝဟာ တကယ်ကို အဓိပ္ပာယ်ရှိပါလိမ့်မယ်"ဟု သူ၏ ဘဝအပေါ်အမြင်ကို ပြောသည်။

ဖက်ရှင်နှင့် ပတ်သက်၍လည်း သူက လတ်တလော ခံစားချက်မှာ လွတ်လပ်ပေါ့ပါးပြီး သမားရိုးကျဆန်သော ဒီဇိုင်းများကိုသာ နှစ်သက်ကြောင်း ဆိုခဲ့သည်။

**ခင်ခင်သက်**

# MBC ရဲ့ Music Core ဆု ရရှိသွားတဲ့ BIGBANG

MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသော တောင်ကိုရီးယားတေးဂီတ တီဗွီအစီအစဉ်မှ ပေးအပ်သော Music Core ဆုကို တောင်ကိုရီးယားအမျိုးသားပေါ့ပ်ဂီတအဖွဲ့ BIGBANG မှ ၎င်းတို့၏ ဒုတိယမြောက် တေးအယ်လ်ဘမ် "LOSER" ဖြင့်ရရှိသွားခဲ့သည်။

BIGBANG သည် BTS ၏ "I Need U" နှင့် Exo၏ "Call Me Baby" တေးအယ်လ်ဘမ်တို့ကို ကျော်လွန်၍ အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ရမှတ်အနေဖြင့် ၇၉၆၁ မှတ်ရရှိခဲ့ပြီး BTS က ၄၉၃၂ မှတ်၊ Exo က ၅၅၄၂ မှတ် အသီးသီး ရရှိခဲ့လေသည်။

အဆိုပါ ဂီတအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် YG ဖျော်ဖြေရေးအေဂျင်စီမှ စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များအဖြစ် G-Dragon၊ T.O.P၊ တေးယန်၊ ဒေဆောင်းနှင့် ဆန်းရီတို့ငါးဦး ပါဝင်သည်။ ၎င်းတို့၏ ပထမဆုံးတေးအယ်လ်ဘမ် "Alive" သည် Bill Board 200 တွင် ပထမဆုံးစာရင်းဝင်ခဲ့သော ကိုရီးယားတေးအယ်လ်ဘမ် ဖြစ်ခဲ့လေသည်။

**ခင်ခင်သက်**

# ရုပ်မြင်သံကြားအစီအစဉ်

*၁၈ - ၅ - ၂၀၁၅ (တနင်္လာနေ့)*

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ခမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ရွှေပေါင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၂၀) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၄၃) - ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မော်ဝင်စီးချင်း (အပိုင်း-၇) |

## MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ် |
| ၅း၄၀ | "ဘေးမဖြစ်အောင်နေပါ" တရားတော် (သစ္စာရွှေစည်ဆရာတော် အရှင်ဥတ္တမ) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၁) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၁း၀၅ | သွားမယ်စားမယ် (Ahjumma) |
| ၁၁း၂၅ | Forever Music Tribute Saw Bhawe Mhue Live Show (အပိုင်း-၄) (ပထမပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၈) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၃) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၃) |
| ၄း၃၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၄း၅၅ | ခေတ်သစ်ပျိုမေ |
| ၅း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၄) |
| ၇း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၄) |
| ၈း၁၀ | Drive It |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၂) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၉) |
| ၁၀း၁၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၅၀ | MRTV-4 Stage |
| ၁၁း၁၅ | World Of Knowledge (Megafactories : Dodge Challenger) |

## mitv

- Myanmar Handicrafts
- Director: Maung Myo Min (Yin Twin Pyit)
- Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
- Myanmar Puppet
- FLying Without Wings- My Great Limitless Adventure - Mandalay & Sagaing
- Ywar Thit's Monhinkhar
- Youth Filmmaker: Khin Su Kyi
- Products Of Myanmar - Seashells Products
- School for the Blind
- A Day Out With Sarah (EP-5)
- Today Myanmar "Rattan Export"
- Taste Of Myanmar (Shan Noodle Salad)
- Entrepreneur: Nan Ei Ei Zar
- Mogok: The Colourful Land of Rubies
- My Tour Around Hopone City
- A Girl Guide
- Bollywood Actress "Laila Khan" Born & Raised in Myanmar (Part-2)
- A Tea Business Pankwan (Part-1)
- A Journey To Southern Shan State (Ep-1)
- Creative Costume of Kayah Nationals
- Making Of Nawarat Rings
- Fantastic Orchid Garden From The Flower City
- The Photographer (Portraiture)

# မန်ယူနှင့်အတူ အကောင်းဆုံးပုံစံရရန် နီးစပ်နေပြီဟု ဒီမာရီယာ ပြောကြား



အာဂျင်တီးနားကြယ်ပွင့် ဒီမာရီယာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၂၃ ပွဲပါဝင်ကစားပေးထားပြီး မန်ယူအသင်းနှင့် အကောင်းဆုံးပုံစံရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

တိုက်စစ်မှူး ဒီမာရီယာသည် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သည့် ပထမဘောလုံးရာသီတွင် ပုံစံကောင်းတစ်ခု အမှန်တကယ်မရခဲ့ကြောင်းလည်း ဝန်ခံခဲ့သည်။ ဒီမာရီယာသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စပိန်လာလီဂါ၏ ထိပ်တန်းအသင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းမှ ဗြိတိန်၏စံချိန် တင်ပြောင်းရွှေ့ကြေးဖြစ်သည့် ပေါင် ၅၉ ဒသမ ၇ သန်း(ယူရို ၈၂ သန်း)ဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ယင်းသို့ ဗြိတိန်၏ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခဲ့သော်လည်း တိုက်စစ်မှူး ဒီမာရီယာသည် မန်ယူအသင်းနည်းပြဗန်ဟားလ်လက်အောက်တွင် အဓိကကစားသမားတစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ်ရပ်တည်နိုင်ရန် ကြိုးပမ်းဆဲကာလမှာပင် ရှိနေသေးသူဖြစ်သည်။

တိုက်စစ်မှူး ဒီမာရီယာသည် ပရီမီယာလိဂ်ပြိုင်ပွဲများတွင် မန်ယူအသင်းအတွက် ဂိုးပေါက်ဖန်တီးပေးမှု (၁၀)ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သော်လည်း မန်ယူအသင်းနှင့် ပြိုင်ပွဲအရပ်ရပ်၌ ၂၃ ပွဲအထိ ပါဝင်ကစားပေးခဲ့သည့်တိုင်အောင် အကောင်းဆုံးပုံစံရရှိရန် ပြင်ဆင်နေရသူဖြစ်ပြီး လက်ရှိအချိန်အထိ မန်ယူအသင်းနှင့် အထိုင်မကျသေးပေ။


"အင်္ဂလန်မြေမှာ ပထမဆုံးခြေချရတာမို့ မပျော်မရွှင်ဖြစ်မိပါတယ်။ ရီးယဲလ်ကနေ မန်ယူကို ပြောင်းလာတာဟာ မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလားရယူပေးဖို့ ရည်ရွယ်ချက်နဲ့ပါ။ ဒါပေမယ့် အခုနှစ်ဘောလုံးရာသီဟာ ကျွန်တော့်အတွက် ဆိုးရွားတဲ့ရာသီလို့ ဆိုရင် မမှားပါဘူး။ အင်္ဂလန်ပရိသတ်တွေကလည်း ကျွန်တော့်ကို ဒီမာရီယာအစစ်ရောဟုတ်ရဲ့လားလို့တောင် ယူဆခဲ့ကြပါတယ်။ ဒါကြောင့် မန်ယူအသင်းမှာ အကောင်းဆုံးပုံစံနဲ့ ပါဝင်ပွဲထွက်ကစားနိုင်အောင် ကြိုးစားသွားမှာပါ"ဟု မန်ယူတိုက်စစ်မှူး ဒီမာရီယာက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူးဒီမာရီယာက"ကျွန်တော် မန်ယူကိုပြောင်းလာတာက မန်ယူအသင်းမှာ တစ်ရာသီတည်း ကစားဖို့မဟုတ်ပါဘူး။ မန်ယူအသင်းရဲ့ သမိုင်းမှာ အဓိကကျတဲ့ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းတင်ကျန်ရစ်ဖို့ပါ။ ကျွန်တော့်ရဲ့ အိပ်မက်စိတ်ကူးတွေက မန်ယူအသင်းကို ပရီမီယာလိဂ်ဖလားရော ချန်ပီယံလိဂ်ဖလားကိုပါ ရယူပေးနိုင်အောင် စွမ်းဆောင်ပေးသွားမှာပါ"ဟု ဆက်လက်ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်တွင် ပေါင်သန်း ၁၅၀ အထိ သုံးစွဲကာ တောင့်တင်းသည့်အသင်းတစ်သင်းအဖြစ် တည်ထောင်ခဲ့သော်လည်း ပရီမီယာလိဂ်ဖလား ရရှိမှုနှင့် ဝေးကွာခဲ့ရသည်။ သို့ရာတွင် နည်းပြဗန်ဟားလ်၏ ရည်ရွယ်ချက်ဖြစ်သည့် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက်တော့ သေချာခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် အကောင်းဆုံးရလဒ်ထွက်ပေါ်စေရေးအတွက် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းအား ခေါ်ယူရန်စီစဉ်လျက်ရှိပြီး ဂိုးသမားဒီဂီယာသည်လည်း မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ထွက်ခွာရန်ရှိနေခြင်းကြောင့် နောက်ထပ်ဂိုးသမားတစ်ဦးခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကြည်**



## အေဒင်ဇက်ကိုနှင့် ယာယာတိုရေးတို့အား ချယ်လ်ဆီးအသင်း ခေါ်ယူရန်စီစဉ်

ပရီမီယာလိဂ်လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းမှ တိုက်စစ်မှူး အေဒင်ဇက်ကိုအား ခေါ်ယူရန်စီစဉ်လျက်ရှိသည်။ အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒရော့ဘာသည် လာမည့်လတွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် လိုအပ်လာမည့်တိုက်စစ်မှူး တစ်နေရာစာအတွက် အားဖြည့်ရန် တိုက်စစ်မှူး ဇက်ကိုအား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည်လည်း တိုက်စစ်မှူး ဇက်ကိုအား ကမ်းလှမ်းလာမည့်သတင်းကို နားစွင့်လျက်ရှိပြီး မန်စီးတီးတိုက်စစ်မှူး ဇက်ကိုအား ဂျူဗင်တပ်၊ အင်တာမီလန်၊ ဒေါ့မွန်နှင့် ဝုလ်ဖ်စ်ဘတ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဇက်ကိုသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရသည်။ ယင်းမှာ မန်စီးတီးအသင်းအနေဖြင့် တိုက်စစ်မှူး အဂူရိုနှင့် ဘိုနီတို့ကိုသာ အဓိကပွဲထွက်ကစားသမားများအဖြစ် အသုံးပြုခဲ့ခြင်းကြောင့်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဇက်ကိုအပြင် မန်စီးတီးကွင်းလယ်ကစားသမားယာယာတိုရေးကိုလည်း ခေါ်ယူရန်စီစဉ်လျက်ရှိပြီး ယာယာတိုရေးအား အင်တာမီလန်၊ ဂျူဗင်တပ်နှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ ကွင်းလယ်ကစားသမား ယာယာတိုရေးသည် အပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ ထွက်ခွာရန် ၉၀ ရာခိုင်နှုန်းအထိ သေချာနေသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။ **အလင်းသစ်**

## ပီအက်စ်ဂျီအသင်း ပြင်သစ်ပထမတန်းဖလား သုံးနှစ်ဆက်တိုက်ဆွတ်ခူး

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် ပွဲစဉ်(၃၇)တွင် မောင့်ပယ်လီယာအသင်းအား နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၈၀ ရရှိကာ ပြင်သစ်ပထမတန်းဖလားကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ပီအက်စ်ဂျီအသင်းက မောင့်ပယ်လီယာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပြင်သစ်ကွင်းလယ်ကစားသမား မက်တူဒီနှင့် အာဂျင်တီးနားတိုက်စစ်မှူး လာဗက်ဇီတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အသင်းအတွက် အားထားရသည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်မှာမူ ခြေသလုံးဒဏ်ရာကြောင့် ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။ လက်ရှိတွင် ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက် တစ်နှစ်တည်း ပြည်တွင်းဖလားသုံးလုံးဆွတ်ခူးရန် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် မောင့်ပယ်လီယာအား အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားဒုတိယနေရာမှ လိုင်ယွန်အသင်းကို ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့ပြီး လိုင်ယွန်အသင်းမှာ အမှတ်ပေးဇယားတတိယနေရာမှ မိုနာကိုအသင်းကို လေးမှတ်ဖြတ်ထားနိုင်ခဲ့သည်။ **ငွေကြယ်**




## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် ကာကွယ်ရေးဦးစီးချုပ်(လေ)-ဒေါ်အေးအေးသန်းတို့၏ သားငယ်

**မောင်စွမ်းပြည့်အောင်**

**B.C.Sc(UCSM)**

နှင့်

မန္တလေးမြို့နေ (ဦးခင်အောင်ဝင်း)-ဒေါ်ခင်ခင်စိုး(လက်ထောက်ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး-မန္တလေး၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ တစ်ဦးတည်းသောသမီး

**မမွန်မြတ်သန့်စင်အောင်**

**B.C.Sc(UCSM)**

**SPLENDOR (Queen of Lace)**

တို့၏ ၁၇-၅-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီးဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ စုလျားရစ်ပတ်ပေးပါသော ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း/ရေ/လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးမိသားစုဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း/ရေ/လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီး မိသားစုဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးမိသားစုဝင်များ၊ စစ်ဘက်နယ်ဘက်မှဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီး မိသားစုဝင်များ၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး မန္တလေးသိန်းဇော်၊ မင်္ဂလာသြဝါဒစကားပြောကြားပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ[ကာကွယ်ရေးဦးစီးချုပ်(လေ)ငြိမ်း]၊ အခါတော်ပေးသီကျူးပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးပါသော ပလေးဘွိုင်းသန်းနိုင်တေးဂီတအဖွဲ့၊ သတို့သားအရံများဖြစ်ကြသော မောင်ဖွဲ့မာန်နှင့် မောင်ကျော်ရဲရင့်၊ သတို့သမီးအရံများဖြစ်ကြသော မနီလာအောင်နှင့် မယဉ်ယဉ်မင်း၊ မင်္ဂလာပန်းကြဲ မရွှေအိမ်လင်းနှင့် မအေးချမ်းမျိုးမြတ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မရည်မွန်လင်းလက်နှင့် မနွဲ့အိမ်သူဝင်း၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာခန်းမ ပန်းအလှဆင်နှင့် ဘိသေကခုံများပြင်ဆင်ပေးပါသော Eternal မှ မနီလာနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ချုပ်လုပ်ဆင်မြန်းပေးပါသော ကိုပြည်စိုးအောင်၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော Win & San Diamonds & Fine Jewellery မှ ဦးဝင်းနိုင်နှင့် ဒေါ်စန်းစန်း၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ LED Display များဖြင့် Multimedia Presentation ကူညီပေးပါသော Lucky Bird နှင့် နည်းပညာအကူအညီပေးသော Zarni LED အဖွဲ့တို့အား လည်းကောင်း၊ မိတ်ကပ်အလှပြင်ခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် ဆင်မြန်းပေးပါသော ရွှေနဂါးဖိနပ်မှ ဦးတင်မောင်ဝင်းနှင့် ဒေါ်ခင်ခင်တိုးလှိုင်၊ အခမ်းအနားနှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ညှော်ခံပေးပါသော ကန်တော်ကြီးပဲလေ့စ်မှ မန်နေဂျာဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ ဖေယျာသီရိဗိမာန် တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိများနှင့်ဇနီးများ၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၀)မှ ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ၊ တပ်မတော်(လေ)မှ မိသားစုများ၊ မန္တလေးမြို့နှင့် မြိတ်မြို့မှ မိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှပံ့ပိုးကူညီပေးကြပါသော အရာရှိ၊ စစ်သည်မိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်စွမ်းပြည့်အောင်-မမွန်မြတ်သန့်စင်အောင်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့်

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

သုံးနှစ်ဆက် **“အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု”**

**(နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်–ပထမဆု)** ကို

**“ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း”** အားလည်းကောင်း၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**“နိုင်ငံ့စွမ်းဆောင်ရည်ဆု”**

**(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို

**“ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း”** အား

လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး

ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍

ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဘဏ်များအသင်း**

# တိုးမြှင့်စီမံ သဘာဝအခြေခံ

## မျိုးမြင့်သန်း(မန်းစက်မြေ)

ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် ကမ္ဘာ့စီးပွားရေး အကြပ်အတည်း အားပြန်လည်တည့်မတ်အောင် ထိန်းကျောင်းနိုင်ရေး အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းက ထူးကဲစွာ ဆောင်ရွက် နိုင်ခဲ့ပါသည်။ အခြေခံအားဖြင့် အာရှခရီးစဉ်နိုင်ငံများ ပေါ်ထွန်းလာမှုကလည်း အရေးပါလှပြီးအာရှဒေသသည် ကမ္ဘာ့ခရီးသွား လုပ်ငန်းဖွံ့ဖြိုးမှုကို လာမည့်နှစ်များတွင် လည်း ဦးဆောင်နေဦးမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် တွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုစုစုပေါင်း ၁၁၃၈ သန်းရှိပြီး ၂၀၁၃ ခုနှစ်ထက် ၅၁ သန်းခန့် ပိုမိုများပြားခဲ့ ပြီး ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ၂၀၀၉ ခုနှစ် ကမ္ဘာ့စီးပွားရေး အကြပ်အတည်း နောက်ပိုင်းတွင် ငါးနှစ် ဆက်တိုက်တိုးတက်မှုဖြစ်ကြောင်း ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ် (UNWTO) မှ ဖော်ပြခဲ့ပါသည်။

အာရှဒေသများသို့ ခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၀ ခုနှစ်တွင် ၂၀၄ သန်းဖြင့် သမိုင်းဝင် အမြင့်ဆုံးအနေ အထားသို့ ရောက်ရှိခဲ့ပြီး ကမ္ဘာ့ခရီးသွား လုပ်ငန်းဖွံ့ဖြိုးမှု ရာခိုင်နှုန်း၏နှစ်ဆ ၁၃ ရာခိုင်နှုန်းထိ တိုးတက်ရောက် ရှိခဲ့ပါသည်။အဆိုပါဖွံ့ဖြိုးတိုးတက်လာမှုသည် လူလတ် တန်းစားများ၏ဝင်ငွေတိုးတက်မှု၊ ခရီးသွားလာမှုလွယ်ကူ စေရန် ဗီဇာလိုအပ်ချက် အပါအဝင် အခြားဖြေလျှော့မှု များနှင့် ဒေသတွင်း လေကြောင်းကွန်ရက်ပါ ချဲ့ထွင် ဖြန့်ကျက်လာခြင်းတို့၏ ပြယုဂ်ဖြစ်ပါသည်။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်လာသော်လည်း အခြား တစ်ဖက်မှ တန်ပြန်သက်ရောက်သည့် ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်ခြေရှိပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ် (UNWTO) မှ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်တည်တံ့ ခိုင်မြဲရေးနှင့် တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး လုပ်ငန်းများစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ ကွန်ဖရင့် (Ecotourism Conference) သည်လည်း တစ်ခု အပါ အဝင်ဖြစ်ပါသည်။

ကမ္ဘာ့သဘာဝအခြေခံခရီးသွား လုပ်ငန်းဆိုင်ရာ ကွန်ဖရင့်သည် ကမ္ဘာနှင့်အဝှမ်း သဘာဝအခြေခံခရီး သွားလုပ်ငန်းဆောင်ရွက်သူများအတွက် ကွန်ရက်တစ်ခု ဖြစ်ပေါ်လာရေး၊ ပိုမိုကောင်းမွန်သော သဘာဝ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းနိုင်ရေး၊ လူမှုအသိုက် အဝန်းကို ကာကွယ်နိုင်ရေးနှင့် သဘာဝ အခြေခံ ခရီးသွားလုပ်ငန်းကောင်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ၊ အတွေ့အကြုံများနှင့် အလေ့အကျင့် ကောင်းများ နှီးနှောဖလှယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း များ ဆောင်ကျဉ်းပေးနိုင်ရန် ရည်ရွယ်ပါသည်။

ပထမအကြိမ် ကမ္ဘာ့သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်ကို ၂၀၀၉ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Vientianeမြို့ တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၀ ခုနှစ် ဇူလိုင် ၈ ရက်မှ ၁၁ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ တွင်လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ Sihanoukville မြို့တွင်လည်းကောင်း၊ စတုတ္ထအကြိမ် ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ တောင်ကိုရီးယားနိုင်ငံ Gyeonggi မြို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိ ဖိလစ်ပိုင်နိုင်ငံ Cebu မြို့တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ကမ္ဘာ့သဘာဝအခြေခံခရီးသွားလုပ်ငန်းကွန်ဖရင့် သည် အရေးအပါဆုံး သဘာဝ အခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်တစ်ခုဖြစ်ပြီး၊ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုမှ သဘာဝအခြေခံခရီးသွား လုပ်ငန်းနယ်ပယ်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီး ပူးပေါင်းပါဝင်သော ကွန်ဖရင့်တစ်ခုဖြစ် သည်။ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ် (UNWTO) နှင့် အာရှပစိဖိတ် သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖွဲ့ (APES)တို့မှ ပူးပေါင်းပံ့ပိုးပြီး ကမ္ဘာတစ်ဝန်းမှ သဘာဝ အခြေခံခရီးသွားလုပ်ငန်းအစုအဖွဲ့များစွာနှင့် အတူ နိုင်ငံပေါင်း ၃၀ ကျော်မှ အမိကကျသည့် ပုဂ္ဂိုလ် ၂၅၀ နှင့် ၆၀၀ အတွင်း တက်ရောက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

ကမ္ဘာတစ်ဝန်းမှ မီဒီယာလုပ်ငန်းကြီးများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကွန်ဖရင့်မှထိပ်သီးပေါ်လစီရေးဆွဲသူများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ထွက်ကုန်ဝယ်ယူ/ ရောင်းချသူများအား စုပေါင်းဈေးကွက်၊ စုပေါင်းအတွေး အမြင်နှင့် အကျိုးအမြတ်ရရှိနိုင်ရေးအတွက် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ အဆိုပါ ကွန်ဖရင့်မှ သဘာဝအခြေခံ ခရီးသွား လုပ်ငန်းစီစဉ်သူများ၊ သဘာဝအခြေခံဟိုတယ်နှင့် အပန်းဖြေစခန်းများ၊ ခရီးသွားကုန်စည်လုပ်ငန်းများ၊ လုပ်ငန်းကျွမ်းကျင်သူများအတွက် နောက်ဆုံးပေါ်သတင်း အချက်အလက်၊ စီးပွားရေးလုပ်ငန်းနှင့် အတွေးအခေါ် ပြောင်းလဲခြင်းဆိုင်ရာ ပုံသဏ္ဍာန်လမ်းကြောင်းများ၊ ဈေး ကွက်သစ်များ စသည့်အကောင်းဆုံးသောအခွင့်အလမ်း များကိုလည်း ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ လည်း နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ခရီးသည် ၃ ဒသမ ဝ၈၁ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ် ထက် ၅၁ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါသည်။ မြန်မာနိုင်ငံ တွင်လည်း ခရီးသည်များ ကြိုက်နှစ်သက်မှုရှိသော ခရီး သွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သည့် သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်း Ecologically Based Tourism (Ecotourism) ကို ၁၉၉၈ ခုနှစ်ကပင် စတင် အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism)ဆို သည်မှာ "သဘာဝအရ တည်ရှိနေသော ဒေသများသို့ ယင်းဒေသ၏ ထိန်းသိမ်းရေးအတွက်နှင့် ဒေသခံတို့၏ သာယာဝပြောရေးအတွက် တာဝန်သိစွာသွားသော ခရီးစဉ် ဖြစ်သည်" ဟု နိုင်ငံတကာ သဘာဝအခြေခံခရီးသွားလုပ်ငန်း အဖွဲ့ (The International Ecotourism Society) မှ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံမူ များအနေဖြင့် ခရီးစဉ်ဒေသများအတွင်း သဘာဝပတ်ဝန်း ကျင်နှင့် လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန်၊ခရီးသွားဧည့်သည်များနှင့်ဒေသခံ ပြည်သူများအားလုံးသဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို အမြတ်တနိုးတန်ဖိုးထား စောင့်ထိန်း တတ်သည့် အသိပညာများခိုင်မာစွာ တည်ရှိစေရန်၊ ခရီးသည်များနှင့်ဒေသခံပြည်သူများအကြား အပြန်အလှန် လေးစားမှုရှိစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက် ရေးဆိုင်ရာ ဘဏ္ဍာရေးဖြည့်ဆည်းမှု ဖြစ်စေရန်၊ ဒေသခံ ပြည်သူများအနေဖြင့် လူမှုအကျိုးစီးပွားနှင့် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်စွမ်းနှင့် ပြောရေး ဆိုခွင့်ကို မြှင့်တင်နိုင်စေရန်၊ အိမ်ရှင်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်တို့ကို သိရှိနားလည် နိုင်မှုတိုးတက်စေရန်ဟူ၍ သတ်မှတ်ထားရှိပါသည်။

သဘာဝနယ်မြေများသို့ ခရီးသည်များ လာရောက်ကြ သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးကို ရေရှည်အထောက်အကူပြုခြင်း၊ ယင်းလုပ်ငန်း သည် ၁၉၈၀ ခုနှစ်ခန့်မှစ၍ လျင်မြန်စွာ တိုးတက် အောင်မြင်လာခဲ့ကြောင်း၊ သဘာဝ အခြေခံခရီးသွားလုပ် ငန်း(Ecotourism)နှင့် စွန့်စားမှုခရီးစဉ်(Adventure Tourism) တို့ ပူးပေါင်းပါဝင်သည့် သဘာဝပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ(Nature based Tourism)မှာ ခရီးသွားလုပ်ငန်း ဈေးကွက်တစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်း ခန့်ရှိခြင်းနှင့် ကျေးလက်၊ သဘာဝ၊ ယဉ်ကျေးမှုကဏ္ဍ (၃)ရပ်လုံးပါဝင်သည့် သဘာဝအခြေခံခရီးသွား လုပ်ငန်း သည် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းကို များစွာ အထောက်အကူပြုနိုင်ခြင်းတို့ကြောင့် သဘာဝ အခြေခံခရီးသွားလုပ်ငန်းအား တစ်ကမ္ဘာလုံးမှ ပိုမို အလေးထားလာခဲ့ကြပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂမှ ၂၀၀၂ ခုနှစ်အား (International Year of Ecotourism) အဖြစ်သတ်မှတ်ခဲ့ပါသည်။ အလားတူ ၂၁-၁၂-၂၀၁၂ ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံ မှ "သဘာဝအခြေခံခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ် သင် ရှင်းလင်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်း သိမ်းခြင်းဖြစ်သည်" ဟူသော ဆုံးဖြတ်ချက်တစ်ရပ်အား သဘောတူ လက်ခံခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၁၉၉၈ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၆၃/၉၈)ဖြင့် သဘာဝကို အခြေခံသော ခရီး သွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခဲ့ပြီး သဘာဝ နယ်မြေဖြစ် သည့် ဥယျာဉ်/ဘေးမဲ့တောများ၊ တိရစ္ဆာန်ဥယျာဉ်များကို ထည့်သွင်းပြီး ခရီးသွားစခန်းနေရာ ၁၅ ခုကို သတ်မှတ် ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းကော်မတီများ လုပ်ငန်းဆောင် ရွက်ရာတွင် အဆင်ပြေချောမွေ့ မြန်ဆန်စေရေး ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် (၄-၅-၂၀၁၁) ရက်စွဲပါ အမိန့်ကြေငြာစာ အမှတ်(၉၈)ဖြင့် သဘာဝ အခြေခံခရီး သွားလုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

(က) သဘာဝအခြေခံခရီးသွားလုပ်ငန်းကြီးကြပ်မှု ကော်မတီ

(ခ) သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်မှု ကော်မတီဟူ၍ ဖွဲ့စည်းခဲ့ပြီး ခရီးသွားစခန်း များကိုလည်း (၂၁)ခုသို့ တိုးမြှင့်သတ်မှတ်ခဲ့ပါ သည်။

**"သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်အောင် မြှင့်တင်ခြင်းသည် ဆင်းရဲ နွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင် ရှင်းလင်းခြင်း နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း ဖြစ်သည်"**

ဆက်လက်ဖော်ပြပါမည်။

**မြေကွက်ရောင်းမည်**
ဒဂုံအရှေ့ပိုင်း၊ ချမ်းသာရွှေပြည်အိမ်ရာ၊ (၇၅)ပေ ပတ်လည်
ညှိနှိုင်းဈေး
ဖုန်း-၀၁-၆၄၃၀၀၄၊ ၀၉-၇၉၅၅၆၀၉၆၆

**ငှားမည်**
သန်လျင်မြို့နယ်၊ အောင်ချမ်းသာ လုံးချင်း အိမ်ရာ၊ ပေ(၈၀×၆၀)၊ နေထိုင်ရန် အသင့် ပြင်ဆင်ပြီး။
ဖုန်း ၀၉-၇၃၀၇၉၀၀၁၊ ၀၉-၅၁၃၈၈၃၆၊ ၀၉-၂၅၃၆၂၃၆

**ဘဏ်၊ ရုံး၊ မီနီမတ်ဖွင့်ရန်**
သင့်တော်သော ပေ(၂၀×၇၀) ၂ထပ် တိုက်နှစ်ချပ်ဖြင့်ငှားမည်။ ဆေးတက္ကသိုလ် (၂)ရှေ့ ခေမာသီလမ်း၊ မ/ဉက္ကလာ
ဖုန်း-၀၁-၉၆၉၉၂၄၁၊၀၉-၂၅၄၀၇၂၈၄၉

**ခရီးသွားကုမ္ပဏီအတွက်**
**Operation Manager**
မ(၁)ဦးအလိုရှိသည်။ဆက်သွယ်ရန်
ဖုန်း ၀၁-၂၃၀၄၂၂၅၊ ၀၉-၂၅၀၀၃၉၄၃၄

**အခန်းငှားမည်**
ပေ(၁၆×၆၀)၊ ပထမထပ်၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ **Hall Type** တစ်ခန်းလုံးကြွေပြားကပ်ပြင်ဆင်ပြီး၊ အဆင်သင့်နေထိုင်နိုင်။
ဖုန်း ၀၉-၅၄၀၄၇၃၁၊ ၀၉-၂၅၃၀၉၄၅၈၆

**ကလေးနာမည်ပေး**
**ဆရာကြီးရာဇာဇော်ဝင်း**
(LL.B.)
01-394727, 01-399426 09-73009994-
တိုက်(၃၅)လမ်း(၈၄)ပမြည်ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**Summit International Learning Centre**
No.91,Upper Kyeemyindine Road, Kyeemyindine Tsp, Yangon, Myanmar
Ph:01-538398, 0973150347 , 09450066812

**International Standard Curriculum !**

**1.Pre-School ( Age: 2 ~ 6 yrs )**
Myanmar/Chinese Class ပါဝင်သည်။)




**2. Special Programme**
for Busy Moms!
**TODDLERS**
Age:1~2 yrs
Earlier??
Mon ~ Fri
8:00 am ~ 3:00 pm
Later !

**3.Young Learners English Courses! (Weekend Classes)**
British Councilတွင် Cambridge
*Session I. 8:30am~ 11:30 am
*Session II. 12:00am ~ 3:00 pm





# မကွေးမြို့ရှိ ဟိုတယ်များတွင် တိုးရစ်ဗီဇာဖြင့် တည်းခိုသူနည်းပါး



**မကွေး မေ ၁၇**

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားခရီးသည်များတည်းခိုနိုင်သည့် ဟိုတယ် ၂၄ လုံးရှိကာ မကွေး၊ ပခုက္ကူ၊ မင်းဘူး၊ ရေနံချောင်း၊ ဂန့်ဂေါ မြို့နယ် ၅ ခုအတွင်းရှိ အဆိုပါ ဟိုတယ်များတွင် Business Visa ဖြင့် လာရောက်သည့် နိုင်ငံခြားသားအများစုတည်းခိုကြပြီး တိုးရစ်ဗီဇာဖြင့် လာရောက်လည်ပတ်သူ ကမ္ဘာလှည့် ခရီးသွားများမှာ ဧရာဝတီမြစ်ကြောင်းခရီးစဉ် သင်္ဘောများဖြင့် နေ့ချင်းပြန် ဝင်ရောက်လည်ပတ်နေသောကြောင့် မကွေးမြို့ရှိ ဟိုတယ်ကြီးများတွင် တိုးရစ်ဗီဇာဖြင့် တည်းခိုသူမရှိသလောက် ဖြစ်နေကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှူးရုံး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တိုင်းဒေသကြီးအတွင်း ဦးစီးဌာန၏ခွင့်ပြုချက်အရ လုပ်ငန်းလိုင်စင်သက်တမ်း ၂ နှစ်ရှိ ဟိုတယ်များသို့ ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံခြားသား ခရီးသည် ၆၂၀၀ဦး၊ ၂၀၁၃ခုနှစ်တွင် ၁၂၀၀၀ ဦးခန့်၊ ၂၀၁၄ ခုနှစ်တွင် ၁၂၀၀၀ ဦးခန့် လာရောက်တည်းခိုကြသည့်အတွက် ခရီးသည်ဝင်ရောက်မှု နှစ်ဆတိုးတက်လာသည်ဟု ပြောနိုင်သော်လည်း အများစုမှာ ကုမ္ပဏီလုပ်ငန်း လုပ်ကိုင်သူ Business Visa ကိုင်ဆောင်ထားသူ အများစုဖြစ်နေသေးသောကြောင့် တိုးရစ်များကို အဓိက ဆွဲဆောင်နိုင်သော ခရီးသွားဒေသတစ်ခုဖြစ်စေရန် ဟိုတယ်ခရီးအနေဖြင့် Destination အသစ်များစီစဉ်ကာ ခရီးသွားတိုးရစ်များ သိရှိနိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သတင်းအချက်အလက်ဖြန့်ဝေမှုများ ပြုလုပ်နေရကြောင်း သိရသည်။

နိုင်ငံခြားသားတွေ သွားချင် လာချင်တဲ့နေရာတွေတော့ ကျွန်တော်တို့ဒေသမှာရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့အပိုင်းကိုလာတဲ့သူ အတော်နည်းတယ်၊ ကျွန်တော်တို့ဆီမှာ တစ်လဝင်တဲ့နှုန်းက မန္တလေး၊ ရန်ကုန်မြို့ကြီးတွေနဲ့ယှဉ်ရင် တစ်ရက်လာတဲ့နှုန်းလောက်ပဲရှိတယ်။ အဲတော့ ကျွန်တော်တို့ဆီမှာ သွားလို့ရတဲ့နေရာတွေရှိတာကို Information ပေးနိုင်အောင် ကြိုးစားရပါတယ်၊ ၂၀၁၄ ဇွန် ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့မှာကျင်းပတဲ့ ယူနက်စကိုအစည်းအဝေးမှာ မြန်မာနိုင်ငံက ပျူ ဟန်လင်း၊ ဗိဿနိုး မြို့ဟောင်းနေရာတွေကို World Heritage List စာရင်းသွင်းခဲ့တာကြောင့် ကျွန်တော်တို့ဒေသမှာ မကွေးနဲ့ ၃၈ မိုင်ဝေးတဲ့ ဗိဿနိုးမြို့ဟောင်းက ခုလောလောဆယ် Destination အသစ်တစ်ခုဖြစ်နေပါတယ်။

"ဒါပေမယ့် သရေခေတ္တရာလို ပြည်မြို့နဲ့နီးကပ်နေတာမဟုတ်တဲ့အတွက် ခရီးကတော့ ထောက်နေတာပေါ့ ။ ဘာပဲပြောပြော ဗိဿနိုးကို အရင်ကဆို တစ်နှစ်မှ ၁၅ ယောက်အယောက် ၂၀ လောက်လာရာကနေ ခုတော့ တစ်လ ၁၅ ယောက် အယောက် ၂၀ လာကြပြီဆိုတော့ တိုးတက်လာတယ်လို့တော့ ဆိုနိုင်ပါတယ်။ ခရီးသည်ဝင်ထွက်မှု တိုးတက်လာတယ်ဆိုပေမယ့် တခြားဒေသနဲ့ယှဉ်ရင်တော့ ကွာဟချက်တွေ ရှိနေသေးတယ်။ ကျွန်တော်တို့ဘက်ကလည်း အများကြီးလုပ်ဖို့လိုနေသေးတာပေါ့" ဟု မကွေးတိုင်းဒေသကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညိုအေးက ပြောသည်။

၂၀၁၄ ခုနှစ်အတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော နိုင်ငံခြားသား ခရီးသည် သုံးသန်းလာရောက် ရေးမှာ ပြည့်မီကျော်လွန်ခဲ့ပြီး ၂၀၁၅ ခုနှစ်အတွက် ခရီးသည် ငါးသန်း ဝင်ရောက်ရန် ရည်မှန်းထားကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် မြို့နယ်ငါးခု၌သာ ဟိုတယ်များဖွင့်လှစ်ထားမှုရှိသောကြောင့် လုပ်ငန်းဗီဇာဖြင့် လာရောက်သူများမှာ အခြားမြို့များတွင် ညအိပ်ရပ်နားနိုင်ခြင်းမရှိဘဲ ဟိုတယ်ရှိရာမြို့များသို့သာ ပြန်လည်အိပ်စက်နေရကြောင်း၊ ဟိုတယ် ၂၄ လုံးတွင် အခန်းပေါင်း ၆၂၃ ခန်းရှိ၍ ခရီးသည်တည်းခိုနိုင်ရန် လောလောဆယ် လုံလုံလောက်လောက်ရှိနေကြောင်း၊ ဟိုတယ်ခရီးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပေးပြီး ဟိုတယ်အဆင့်အတန်း ပိုမိုတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေကြောင်း ယင်းမှ ဆက်လက်ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် ယဉ်ကျေးမှုသမိုင်းများ၊ နိုင်ငံရေးသမိုင်းများ၊ ဘာသာတရား၏ အထွတ်အမြတ်နေရာများ များစွာရှိနေပြီး Destination နေရာအသစ်များဖြင့် ကမ္ဘာလှည့်ခရီးသွား တိုးရစ်များအပေါ် ဆွဲဆောင်နိုင်မှု မြှင့်တင်နိုင်လျှင် ဟိုတယ်များ၌ တိုးရစ်ဗီဇာဖြင့် ညအိပ်တည်းခိုသူများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပြီး ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ၊ ဒေသတွင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ဒေသထွက်ကုန်ရောင်းဝယ်မှုများ တိုးတက်ဖွံ့ဖြိုးလာကာ စီးပွားရေးအခွင့်အလမ်းများစွာ ရရှိနိုင်မည်ဟု ထင်မြင်ကြောင်း ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဧယျတု(မကွေး)**

SHAN YOMA TRAVEL & TOURS CO.,LTD
SHAN YOMA
Since 1996
"Arranging All Tourism Related Services"
(Within Your Budget with Best Service)
B2B, B2C, Sub - Agents ယူလိုသူ များ ၊ ကုမ္ပဏီအသင်းအဖွဲ့ များအတွက် အထူးဈေးနှုန်းဖြင့်စီစဉ် ပေးနေပါသည်။ပြည်တွင်းပြည်ပ ခရီးစဉ်များ , Leisure, MICE, Incentive
အထူးခရီးစဉ်များ , Hotel booking, Air Ticket, Car Rental , Bus Ticket ... etc.
No. 124/126,50th street , Pazundaung Township, Yangon.
Tel: 295510, 299389, 204152, 9010378-382, 09-73250927, 09-5115371
email : info@exploremyanmar.com
www.exploremyanmar.com , www.exploreglobaltravel.com

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံဖြင့်ပြေးဆွဲလျက်ရှိသည်။
209077, 209388, 09-73167000

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး၊
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

Myanmar EI Dorado Paradise
(MEP) Travels & Tour
ဗန်ကောက်-ပတ္တရား (၃ ည ၄ ရက်) 29 May 500 USD
20 May မတိုင်ခင် စာရင်းပေးသွင်းပါက 20 USD Discount
အထူးဈေးနှုန်းဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
Ph: 01-505929, 01-521963,
09-254774773, 09-73174886
Full Package

ROBINSON
Business School
"Recongnized European Master"
အရည်အချင်းပြည့်ဝသော Business Leader များအတွက်
Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ
တိုက်ရိုက်ချီးမြှင့်ပေးအပ်သော
Official University Partners
VICTORIA UNIVERSITY
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
Postgraduate Programme
MBA
Master of Business Administration
Awarded by Victoria University Switzerland
MIM
Master of International Management
Awarded by University of Information Technology & Management
DUAL Master In
MBA & MIM
Undergraduate Programme
BBA Bachelor of Business Administration (Management)
Dip-Business Only
BBA Bachelor of Business Administration (Entrepreneural Management)
Dip - Any Discipline
BBA Bachelor of Business Administration
Grade 11
Scolararship Available
June-Intake
Enroll Now!
FREE !
Consultation and Entrance Test
09 4200 53536
09 431 96211
RBS City Campus #206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com

လူတိုင်း ၊ အိမ်တိုင်း ၊ ကုမ္ပဏီ ၊လုပ်ငန်း အဖွဲ့အစည်းတိုင်း
မဖြစ်မနေဆောင်ထားရမည့်
မြန်မာပြည်ခရီးသွားလမ်းညွှန်(၂၀၁၅)
(အင်္ဂလိပ် / မြန်မာ နှစ်ဘာသာ)
အမြို့မြို့ စာအုပ်ဆိုင်များနှင့် Supermarket ကြီးများတွင်
ဝယ်ယူရရှိနိုင်ပါပြီ။
အထက်ပါစာအုပ် ကြော်ငြာလုပ်ငန်းအတွက် Marketing ဝန်ထမ်းများ အလိုရှိပါသည်။ ☎ 703220 , 200276, 09-73124222

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်
နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ။ဆိုင်ခန်းတွင်သာ ခန့်ထားရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊
၀၉-၅၁၉၅၇၂၁(ရုံးအချိန်အတွင်းသာ)

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" ဒါဖြင့် ကျောင်းရုံးက ငါစောင့်နေတယ်။ ငါ့မှာ ပိုက်ဆံတော်တော်များများ ပါလာတယ်။ နက်ဖြန်တို့နှစ်ယောက် ရုပ်ရှင်ကြည့်ပြီး မြို့ထဲ လျှောက်လည်ကြရအောင် "

ကျွန်တော်က ကားပေါ်တက်ခဲ့သည်။ ထွက်စ ကားပေါ်မှ လမ်းကြည့်လိုက်သောအခါ မဟာမြိုင်လမ်းအတိုင်း မြေပြင်ကို မကျေနပ်စွာ အနိုင်ကျင့်နင်းလျှောက် ပြန်သွားနေသော ငြိမ်းမောင်ကို တွေ့ရပါ၏။

**(၂၁) နစ်ရသူတစ်ဦး**

လူ့ဘဝတွင် လူငယ်ဘဝသည် ပျော်ရွှင်ဖွယ်အကောင်းဆုံးဖြစ်သည်။ လူငယ်ဘဝတွင် ကျောင်းသားဘဝသည် ပျော်ဖွယ်အကောင်းဆုံးဖြစ်၏။ ကျောင်းသားဘဝတွင် တက္ကသိုလ်ကျောင်းသားဘဝကား ပျော်ဖွယ်အကောင်းဆုံး ပေတည်း။

တက္ကသိုလ်ကျောင်းသားမျိုးစုံရှိသည်။ အချို့ကား ဆံပင်စုတ်ဖွား၊ မျက်မှန်ကိုင်းထူတပ်လျက် စာအုပ်ထူကိုင်ကာ လူ့လောကကို မှုန်တေတေကြည့်၍ စိတ်တွင်း၌ အစဉ်သူပုန်ထနေသူများ ဖြစ်ကြ၏။

အချို့ကား စာအုပ်နှင့် မျက်နှာ တစ်ခဏပြတ်လျှင် လူ့ဘဝနှင့် အဆက်ပြတ်၍ ရည်မှန်းချက်အထွေထွေပျက်တော့မည်လော ထင်ကြသည့် စာဂျပိုး ဖိုးကုပ်ချောင်းများ ဖြစ်ကြသည်။ အချို့ကား ပေါးလားဝါးလားနှင့် တက္ကသိုလ်လာရသည်ကို ပျော်ပွဲစားထွက်သည့်အလား ထင်မှတ်မှားနေကြသည့် လူရွှင်၊ လူပွေ၊ လူနောက်၊ လူပေါ့များ ဖြစ်ကြသည်။ အချို့မှာ အဝတ်အစား မော်ကြွား၍ မင်းသားရှုံးအောင်ဟန်ရေးလုပ်စွာ ပန်းမာလာများကြား ဝတ်ရည်စုပ်ရန် ပျံကာလွှားကြသည့် ပိတုန်းလိပ်ပြာများပမာ ကျောင်းသူတကာကို ရစ်ကာဝဲလျက် ဖြစ်လျှင်တွဲပြီး လစ်လျှင်ဆွဲတတ်သည့် လူလည်၊ လူရဲ၊ လူကဲများ ဖြစ်ကြ၏။ ကဗျာနှင့် တစ်ဖုံ၊ ဂီတနှင့် တစ်မျိုး၊ မိုးရွာလျှင် ဆွေး၍၊ ဆောင်းတိုင်လျှင်လွမ်းကာ၊ နွေကျွမ်းက ငိုတတ်သော စိတ်ကူးယဉ် အနုပညာသမားများ၊ လူပျော့၊ လူနုံများလည်း ရှိသည်။ အားကစားရုံတွင် အလေးများ တဝုန်းဝုန်း မ,နိုင်သမျှ စာမေးပွဲ တဗုန်းဗုန်းကျသော၊ အားကစားကွင်းတွင် စံချိန်ကျိုးအောင် အမြင့်ခုန်နိုင်သော်လည်း နှစ်စဉ် ဥပစာတန်းကိုမလွတ်နိုင်သော၊ အင်းယားကန်ကို လက်ပစ်ကူးနိုင်သော်လည်း စာမေးပွဲပင်လယ်တွင် ဇနက္ကဇာတ်ခင်းနေရသောအားကစားသမားတို့လည်း ရှိသည်။

အများစုမှာမူ ကျောင်းမှန်မှန်တက်၊ စာကျက်ချိန်၌ ကျက်၍၊ ကစားချိန် ကစားကာ ပျော်စရာရှိလည်း ပျော်တတ်သော သူလိုငါလို ကျောင်းသားများ ဖြစ်ကြ၏။

ကျွန်တော်သည် သူလိုငါလို ကျောင်းသားတစ်ဦး ဖြစ်ပါ၏။ ဖြစ်အောင်လည်း ကြိုးစားနေသည်။

ဘိုင်အို . . . ထိုင်ငိုဟု စာဆိုရှိသည့်အတိုင်း ကျွန်တော်တို့ ဘာသာတွဲမှာ ခက်ခဲလှသဖြင့် အတန်းမလွတ်ရဲ၊ စာကျက်မပျက်ရဲ။ သို့ရာတွင် စာဂျပိုးသက်သက်ကြီး လုပ်နေသည်မဟုတ်။ တက္ကသိုလ် လေ့လှော်အသင်းဝင်၍ လှေလှော်ကျင့်သည်။ အားကစားနည်းအစုံရှိသည့်အနက် လှေလှော်ရခြင်းမှာ ကိုယ်လက်အညောင်းအညာပြေရုံမက အချင်းချင်း စည်းလုံး ညီညွတ်ရခြင်း၊ စည်းကမ်းရှိသေရခြင်း၊ ခေါင်းဆောင်၏ အမိန့်ကို နာခံတတ်ခြင်းစသော ဘဝ၌ တန်ဖိုးကြီးသည့် လေ့ကျင့်ခန်းကိုပါ ရသောကြောင့် ကျွန်တော် အထူးနှစ်သက်သည်။

အားကစားသာမက . . . ကျွန်တော်သည် ကျွန်တော်တို့ ကျောင်းဆောင်ကို ကိုယ်စားပြုရသောစကားရည်လုပွဲတို့၌ ဝင်နွှဲသည်။ အဖော်ကောင်းလျှင် ပါမောက္ခအိမ်များနှင့် ဝင်ဒါမီယာရှိ အတွင်းဝန်အိမ်များတွင် ပီယာနို လိုက်တီးသည့်အခါ တီးသည်။

တစ်နည်းအားဖြင့် ပျော်ဖွယ်ကောင်းသော တက္ကသိုလ်ကျောင်းသားဘဝကို ကျွန်တော် အပြည့်အဝ ခံစားနေခြင်းသာ ဖြစ်ပါ၏။

ကျောင်းအား၍ အလုပ်မရှိလျှင် မင်္ဂလာဒုံရှိ ကိုကိုနှင့် မြိုင်တို့ထံ သွားလည်သည့်အခါ သွားသည်။

ခိုင်တို့ဆီ လည်သည့်အခါ လည်သည်။

ထိုစဉ် ကိုကိုသည် မေဂျာအဆင့်၌ရှိသည်။ ကမ္ဘာ့စံချိန်မိ တပ်မတော်ကြီးကို ဖွဲ့စည်းတည်ထောင်စဖြစ်သဖြင့် အလုပ်ပင်ပန်းသည်။ သို့ရာတွင် ထာဝစဉ် ပြုံးပန်းဆင်၍ အိမ်မှုဝတ္တရားနှင့် လင်သားကို ပြုစုယုယရန် တာဝန်ကျေသော ချစ်ဇနီး မြိုင်ကြောင့် ပင်ပန်းမှုကို ပမာပြုနိုင်မည် မဟုတ်။

ကိုကို၌ စစ်ဂျစ်ကားအပြင် ကိုယ်ပိုင်အော်စတင် အမျိုးအစား ကားနက်ကလေးတစ်စီးရှိသည်။

တနင်္ဂနွေနေ့များတွင် ကားနက်ကလေးကိုယူ၍ ကျွန်တော်သည် ခိုင်တို့အိမ် သွားလေ့ရှိသည်။

ခိုင်၊ လှိုင်နှင့် တစ်ခါတရံ ကြိုင့်ကိုပါ ခေါ်၍ ရုပ်ရှင်ကြည့်သည့်အခါ ကြည့်သည်။ ကျွန်တော်တို့နှင့် ငြိမ်းမောင်သည် လိုက်သည့်အခါ လိုက်၍၊ မလိုက်သည့်အခါ မလိုက်။ မည်သို့ဖြစ်စေ ငြိမ်းမောင်သည် လှိုက်လှိုက်လှဲလှဲ မရွှင်လှသည်ကို ကျွန်တော် သတိပြုမိသည်။

ငြိမ်းမောင် ဖခင်၏ စီးပွားရေးလုပ်ငန်းမှာ မကောင်းလှ။ တက္ကသိုလ်သို့ ငြိမ်းမောင်သည် စည်းကမ်းကြီး၍ မျက်နှာထားတင်းသော အဒေါ်နှင့် ဦးလေးတို့အိမ်မှ တက်နေရသည်။

ငြိမ်းမောင်တို့အိမ်မှာ ကျွန်းတောလမ်းပေါ်၌ ရှိသည်။ ပိန္နဲနှင့် သရက်ပင်များအရိပ်ကြောင့် ကျွန်းအိမ် ကုပ်ကုပ်လေးသည် မှောင်မည်းမည်း ဆိတ်သုဉ်းသုဉ်းရှိ၏။ ငြိမ်းမောင်၏ ဦးလေးသည် စည်ပင်သာယာရေး ရုံးမှ ရုံးအုပ်စာရေးကြီးဖြစ်သည်။ ငြိမ်းမောင်၏ ပြောပြချက်အရ မြင်းပွဲမှန်မှန်သွား၍ အရက်မူးလာလျှင်အသားလွတ် ဆူပူကြိမ်းမောင်းတတ်သည့် ဆို၏။ ဦးလေးဆိုသော်လည်း ငြိမ်းမောင်နှင့် သွေးစပ်သည်မဟုတ်၊အဒေါ့်ယောကျ်ားသာဖြစ်သည်။ ငြိမ်းမောင်၏ အဒေါ်မှာ လင်ကြောက်ရသကဲ့သို့ သူ့ဘာသာသူလည်း မျက်နှာထားမှုန်တေကာ စေးနှဲသမျှ ငြူစူနေတတ်သော မိန်းမကြီးဖြစ်သည်။ ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင် . . .။ ဘဝစကတည်းမှ မလွတ်လပ် . . . မပြည့်ဝခဲ့ရှာသော ငြိမ်းမောင် . . . ငယ်စဉ်က အတော်ကြီးသည်အထိ သနပ်ခါးလိမ်း၍ ကျောင်းတက်ရသည့်တိုင်အောင် မိဘကိုကြောက်ရသော ငြိမ်းမောင် . . .။ သူ့နာမည်မှာ ငြိမ်းမောင်ဖြစ်သော်လည်း . . . . သူ့ဘဝကား မငြိမ်းရှာလေ။ မငြိမ်းသော မောင် ဖြစ်ပါလေ၏။

ယခု ကောလိပ်ကျောင်းသားကြီးဖြစ်သည်အထိ ငြူစူသော အဒေါ်၊ မြင်းသမား ယစ်ထုပ်ကြီး ဦးလေးတို့လက်အောက်တွင် ကုပ်ကုပ်ယို့ယို့ နေရရှာသည်။

သူ့အိမ် သွားလည်ရသည်မှာ စိတ်ကျဉ်းကျုတ်ဖွယ်ဖြစ်သည်။ စကားတိုးတိုး ပြောရ၏။ ရွှတ်နောက် ပြောင်စ၍ ပေါးလားဝါးလား ရယ်ခွင့်မရှိ။ ကျွန်တော်သည် ငြိမ်းမောင်တို့အိမ်သို့ တစ်ခေါက် လိုက်လည်

ပြီးသည်မှစ၍ နောက်ထပ် ဘယ်သောအခါမျှ မသွားတော့ . . .။

ငြိမ်းမောင်ကို တွေ့ချင်လျှင် ခိုင်တို့အိမ်သာ သွားရသည်။ ငြိမ်းမောင်သည်လည်း ခိုင်တို့အိမ်တွင် အားလပ်တိုင်း ရှိနေတတ်သည်။ လွတ်လပ်၊ သဘောကောင်းသော ခိုင်တို့အိမ်သည် ငြိမ်းမောင်အတွက် ကန္တာရအလယ်မှ အိုအေစစ်ကလေး ဖြစ်နေသည်လော မပြောတတ်။ သို့မဟုတ် . . . အခြားအကြောင်း ရှိသည်လော မပြောတတ်။ ငြိမ်းမောင် မရွှင်မပျရှိခြင်းနှင့် ပဟေဠိဆန်သော စကားတို့ကို ပြောတတ်သည်မှာ ဤဖော်ပြခဲ့သော ဘဝပေးအကြောင်းတရားတို့ကြောင့်သာဖြစ်သည်ဟု ကျွန်တော် အမှုမဲ့၊ အမှတ်မဲ့ တွေးထင်မိသည်။

ခိုင်တို့အိမ်ကမူ လွတ်လပ်လွန်းအားကြီးသည်။ ဒေါ်လှယဉ်သည် ပင်ကိုအားဖြင့် သဘောကောင်း၍ အေးချမ်းသူ ဖြစ်သည်။ ဦးမြဘူးကား ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်၌ မလှုပ်နိုင်၊ မယှက်နိုင်သော လူမမာကြီးသာတည်း။ ကြိုင်ကလည်း စာအုပ်နှင့် ပုတီးကိုသာ အဖော်ပြုနေသော အပျိုမကြီးလှသေးလျက် လောကကို ခပ်ဖယ်ဖယ်နေသော တစ်ကိုယ်တည်းသမား ဖြစ်သည်။

ခိုင်တို့အိမ်၌ ယောကျ်ားလေးများကို အစဉ်တွေ့ရတတ်သည်။ အပျိုချောတို့ရှိရာ လူပျို လာတတ် သည်မှာ မဆန်း။ သို့ရာတွင် ကျွန်တော့်စိတ်တွင်း၌ လူပျို လာလွန်းအားကြီးသည်ထင်မိ၏။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ရောင်း/ငှား**

လမ်းကြိတ်စက်၊ Forklift, Excavator

ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂၊
၀၉-၇၉၅၄၅၆၀၃၉

**အမည်ပြောင်း**
မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပုလဲ(၂)အောင်သပြေလမ်းနေ အဖ ဦးသိန်းမောင်၏ သမီးဖြစ်သူ ခင်မြတ်စုထွေး[၁၁/ပဏတ(နိုင်)၀၅၆၆၅၃] အား မမြတ်စုထွေးဟုပြောင်းလဲခေါ်ဆိုပါရန်။ မမြတ်စုထွေး

**ခြံကွက်များ ပိုင်ရှင်ကိုယ်တိုင် ရောင်းရန်ရှိသည်**

လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ နှင်းဆီလမ်းနှင့် မြို့ပတ်လမ်းထောင့်။

ဈေးနှုန်း ပေ(၄၀×၅၀)=၇၅-၇၀သိန်း
**Ph:09-448012251,**
**09-421161198,**
**09-252278945**

**ဒဂုန်အင်တာနေရှင်နယ်လီမိတက်**
**(အလုပ်အကိုင်ခေါ်ယူခြင်း)**

ဒဂုန်ကုမ္ပဏီစု၏ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် အောက်ပါရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် အရည်အချင်း ပြည့်မီပြီး စိတ်ဝင်တစား လုပ်ကိုင်လိုသူများသည် (၂၀၁၅ ခုနှစ် မေ ၂၅ ရက်) ထက်နောက်မကျစေဘဲ အလုပ်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

❖ မြို့ပြအင်ဂျင်နီယာ ကျား/မ (၂၀)

- လျှောက်ထားလိုသူများသည် BE/B.Tech/AGTI (Civil)ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- လျှောက်ထားရာတွင် မိမိတို့၏ကိုယ်ရေးအချက်အလက် (CV) ကို လူ့စွမ်းအားဖွံ့ဖြိုးရေးဌာန၊ ဒဂုန်စင်တာ-၁(၆)လွှာ၊ အမှတ် – ၂၆၂/၂၆၄ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်သို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ပေးပို့လိုပါက hrdd.dagon@gmail.com သို့ဖြစ်စေပေးပို့ရမည်။ CV နှင့်အတူ လိုင်စင်ဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် ရဲစခန်းမှထောက်ခံစာ၊ ပညာရေးစာရွက်စာတမ်းတို့ကို (မိတ္တူ) ပူးတွဲတင်ပြရမည်။

**Y.E.S. International English Language Centre**
Since 1994
ကျောင်းခွဲမရှိပါ၊
ဆရာဦးမြင့်ခေအောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**

| | |
|---|---|
| Mon to Thurs-1:00-3:00 pm | 11 May |
| Mon to Thurs-7:30-9:30 am | 18,25 May |
| Sat & Sun - 9:00-12:00 am | 23 May |
| Mon to Thurs-5:30-7:00 pm | 25 May |
| Mon to Thurs-7:30-9:30 am | 1 Jun |
| Mon to Thurs-10:00-12:00 am | 1 Jun |

**Grammar Foundation Course**

| | |
|---|---|
| Mon to Thurs - 10:00-12:00 am | 11 May |
| Sat & Sun - 90:00-12:00 am | 16 May |
| Mon to Thurs-3:30-5:00 pm | 8 Jun |

**Vocabulary Enrichment Course**

| | |
|---|---|
| Mon to Thurs-3:30-5:00 pm | 18 May |

**Pre-Intermediate English**

| | |
|---|---|
| Mon to Thurs 5:00-7:00 pm | 4 May |
| Mon to Thurs-10:30-12:30 am | 11 May |
| Mon to Thurs-7:30-9:30 am | 18 May |
| Sat & Sun - 12:30-3:30 pm | 30 May |

**Structure & Written Expression**

| | |
|---|---|
| Mon to Thurs-4:00-5:30pm | 18 May |
| Mon to Thurs-5:30-7:00pm | 18 May |

**Basic Writing Course**

| | |
|---|---|
| Sat & Sun - 12:30-3:30 pm | 9 May |

TOEFL,IELTS,SAT,API,AWC,IE

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

SAPPHIRE A55





ချိုသာသော ဈေးနှုန်း နှင့် စိတ်ကျေနပ်မှု ရစေမည် . . .

MEDIATEK

အိုး Back Cover (၂)နှစ် လက်ဆောင်ပါဝင်သည် ။

FREE GIFT

Hot Line : 09-25 33 80008
09-25 33 80009

SINGTECH

# မန္တလေးမြို့ရှိ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး ဆွေးနွေး

**မန္တလေး မေ ၁၇**

မန္တလေးမြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံ NAGATA MYANMAR Co.,Ltd မှ Managing Director Mr.Takeshi Shiraishi ဦးဆောင်သော အဖွဲ့ဝင်များသည် မေ ၁၅ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI) အစည်းအဝေးခန်းမတွင် အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်း ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလား အလာများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း များ၊ မန္တလေးမြို့ရှိအသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဂျပန်နိုင်ငံ NAGATA MYANMAR Co.,Ltd အဖွဲ့သည် မန္တလေးမြို့ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ပုံးများ လှူဒါန်းခဲ့ပြီး ဆက်လက်၍ မြို့တော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အလင်းပြစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲတွင် စာအုပ်၊ စာစောင်လှူဒါန်း

**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု အောင်သုခကျေးရွာရှိ ဒေသခံပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အလင်းပြစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၈ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလင်းပြ စာကြည့်တိုက်အဆောက်အအုံသစ်အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးလှမိုးတို့က ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း စာပေဖတ်ရှုနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အလင်းပြစာကြည့်တိုက်ဖွင့်ပွဲတွင် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို ထည့်သွင်းကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ခြင်းနှင့်စာပေ၏အကျိုး ကျေးဇူးများ၊ စာကြည့်တိုက်၏ အရေးပါမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အလင်းပြစာကြည့်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်၊ စာစောင်များကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံကြပြီး ကျေးရွာရပ်မိရပ်ဖ ဦးမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ထွန်းထွန်းဝင်း(ပျဉ်းမနား)**

## မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာအထူးသင်တန်းသို့ ကြည့်ရှုအားပေး

**ကျွန်းစု မေ ၁၇**

ကျွန်းစုမြို့နယ်တွင် ၂၀၁၄-၂၀၁၅ခုနှစ်၊ မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်ပညာအထူးသင်တန်းကို မေ ၄ ရက်မှ ဇွန် ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းကို ကျွန်းစုမြို့နယ် အခြေခံကျောင်းများတွင် နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမ ၃၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းရှိ သင်တန်းသား၊ သင်တန်းသူများကို တနင်္သာရီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းအောင်၊ သစ်တော၊သတ္တုဝန်ကြီး ဦးတင်စိုးနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဆရာကြီးဦးထွန်းရီတို့သည် မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကျွန်းစု မြို့နယ် အ-ထ-ကကျောင်း၌ ကျွန်းစုမြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာ အထူးသင်တန်း သင်တန်းသား၊ သင်တန်းသူများ၏ သင်တန်းပို့ချနေမှုများ၊ စားဝတ်နေရေးအခြေအနေများ၊ သောက်ရေနှင့် သုံးရေရရှိမှုများကို သွားရောက်ကြည့်ရှုကြကာ သင်တန်းသား၊ သင်တန်းသူများကို မိမိဒေသ (သို့မဟုတ်) မိမိဒေသနှင့် အနီးဆုံးကျေးရွာများသို့ ပြောင်းရွှေ့နိုင်ရေး ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် ဝန်ကြီးများနှင့်အဖွဲ့သည် ကျွန်းစု အထက်တန်းကျောင်း ကျောင်းဆောင်များ ချွတ်ယွင်းနေမှုကို ကြည့်ရှု၍ တင်ပြချက်များအပေါ် အခြေခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်နိုင်ထွန်း(ကျွန်းစုပြန်/ဆက်)**



## ပုဗ္ဗသီရိမြို့နယ်တွင် မျက်စိဝေဒနာရှင်များအား (အခမဲ့) ဆေးကုသပေး

**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံ၌ မေ ၁၆ ရက် နံနက် ၉ နာရီက စတင်၍ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ၊ မျက်စိအထူးကုဌာနမှ မယဉ်နွယ်ဦး၊ မဆွေဆွေတင်၊ ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံမှ မနန်းကျော့ခိုင်တို့နှင့်အတူ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၀၀ ဦးခန့်အား မျက်စိစမ်းသပ်စစ်ဆေးကုသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**


### ငှက်ပျော ကဆုန်၊ ဝါး နယုန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ ဝါးစိုက်ပျိုးကြပါစို့

လွန်ခဲ့သော နှစ်အတန်ကြာကပင် ဝါးစိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ နေထိုင်မှုဘဝဖွံ့ဖြိုးရေးကို ကောင်းစွာဆောင်ရွက်နိုင်ကြောင်း သိရှိလာခဲ့ကြသည်။ ကမ္ဘာပေါ်တွင် လူသန်း(၆၀)ကျော်သည် ဝါးမှ ရရှိသောဝင်ငွေကို အမှီပြုနေကြရသည်။

ဝါးသည် ကျေးလက်နေပြည်သူများနှင့် လွယ်ကူဆက်စပ်ထိတွေ့မှုရှိသဖြင့် ဝါးစိုက်ပျိုးမှုကို ဖွံ့ဖြိုးအောင်ပြုလုပ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ဘဝကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပေသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သက်ရှိလောကတည်မြဲရေးအတွက်

### ရတနာစိုး ရေးသားသည့် ဝါး

ဝါးစတင်ပေါက်ရောက်ပုံ၊ ဝါးမျိုးပွားနည်း၊ စိုက်ပျိုးနည်း၊ ခုတ်သိမ်းနည်းနှင့် အသုံးပြုပုံ၊ ဝါးစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုမှ ကာကွယ်ထိန်းသိမ်းနိုင်ပုံတို့ကို စုံလင်စွာဖော်ပြထားပါသည်။

ဖြန့်ချိရာဌာန

ရန်ကုန် - အမှတ်(၂၅)၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ဖုန်း-၀၁-၅၆၁၆၀၁၊ ၅၇၁၃၅၂
- စာပေဗိမာန် စာအုပ်တိုက်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင် (ပန်းဆိုးတန်း)
- အင်းဝစာအုပ်ဆိုင်
- တော်ဝင်စင်တာစာအုပ်ဆိုင်
  စာပေလောကစာအုပ်ဆိုင်များ၊ ရာပြည့်စာအုပ်ဆိုင်

မန္တလေး - ရုံးခွဲ ဖုန်း-၀၉-၂၀၀၂၄၄၇
  ထွန်းဦးစာပေ၊ မန္တလေး၊
- နဂါးစာပေ၊ မန္တလေး

ပြင်ဦးလွင် - ရုံးခွဲ ဖုန်း- ၀၉-၂၀၄၄၉၆၅



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၇-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂



(VAC)® VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Like Value Added Consultancy

**Job Openings for Foreign Firms**

Project Engineer ( Japan Co ) M(2)
- BE / AGTI ( Civil ), 5 ~ 10 yrs Exp in Road & Bridge Construction Field;

Project / Site Engineer ( Japan Co / Yangon / Loikaw) M(20)
- BE / AGTI ( Civil ), Exp in Relevant Field;

Structure Engineer - BE ( Civil ), 3 yrs Exp in Relevant Field; M (1)

QS Engineer ( Japan Co ) - BE / AGTI ( Civil ), 5 yrs Exp in Relevant Field; F(1)

QA / QC Engineer - BE / AGTI ( Civil ), 2 yrs Exp in Relevant Field; M/F(2)

Architect ( Japan Co / Yangon / Loikaw) USD 1000 M(1)
- B.Arch, 5 yrs & above Exp in Architect and Team Supervision Field;

Maintenance Manager / Supervisor M(2)
- BE / AGTI ( Mechanical ), 5 yrs Exp in Maintenance of Hotel / Building / Residence Field;

Sr. M & E Design Engineer ( Japan Co ) M(2)
- BE / AGTI ( ME / EP ), 5 yrs Exp in M & E Design Engineering and Auto CAD;

Telecom Engineer ( Ygn / Mdy / Npt / Magway ) -BE/AGTI (EP/EC), 2yrs Exp; M(20)

Service Engineer ( [illegible] ) -BE/AGTI (EP/EC), 2yrs Exp; M(5)

Microwave Engineer -BE (EC), 3 yrs Exp in Relevant Field; M(3)

Service Technician ( Vietnam ) USD 700 M(2)
- BE / B.Tech / AGTI (EP / EC), 3 yrs Exp in Service of Home Appliance Electronics Products;

Service Engineer / Technician (Generator) -BE / GTI ( EP / EC / ME); M(10)

Telecom Site Supervisor ( [illegible] ) - Any Grad, 2yrs Exp; M(30)

Senior Engineer ( Oil & Gas ) - Any Engg Degree, 8 yrs Exp; USD 1500 M(2)

Design Engineer ( Oil & Gas ) -Any Engg Degree, 10 yrs Exp; USD 1500 M(2)

Discipline Engineer ( Oil & Gas ) -Any Engg Degree, 3 yrs Exp; USD 1100 M(2)

Design Drafter ( Oil & Gas ) - Any Engg Degree, 5 yrs Exp; USD 1100 M(2)

E-mail ဖြင့်အလုပ်လျှောက်နိုင်သည် ။ CVကိုMS Word File & Photo ကိုJpg File ဖြင့်ပို့ပါ။

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ www.vacjobsearch.com

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

— ကျန်းမာရေးဆောင်းပါး —

# သွေးတိုးရောဂါဘေးမှ ကင်းဝေးစေရန်

**ယမန်နေ့မှအဆက်**

ထို့အတူပင် သွေးတိုးမှာစိုးရိမ်ပြီး အင်န်ကို အလွန်ရှောင်ရာမှ နှလုံးကြွက်သားနှင့် အခြားခန္ဓာကိုယ်မှ ကြွက်သားများအားနည်းလာမှာကို စိုးရိမ်ရသည်။ အင်န်ရှောင်ရသူတစ်ဦးအတွက် ဟင်းများကို အပေါ့ချက်သောအခါ ကျန်သောအိမ်သားများပါ ခံတွင်းမတွေ့တော့ဘဲ မိသားစုထမင်းဝိုင်းတွင် အစားအသောက်များ စားမကောင်းဖြစ်သွားလေ့ရှိသည်။

ရိုးရာဆေးပညာရှုထောင့်မှ အင်န်မှန်သမျှ သွေးတိုးသည်ဟုမယူဆ။ ပုပ်ငန်သောအစာများကသာ သွေးတိုးသည်။ အပုပ်နံ့ရှိသော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိကောင်၊ ငန်သောပုစွန်ခြောက်တို့အပြင် အချဉ်နံ့ရှိသောအစာများ ငါးချဉ်၊ နှမ်းဖတ်ချဉ်၊ ပုစွန်ချဉ် စသည်များလည်း သွေးတိုးစေနိုင်သည်။ မသန့်ရှင်းသော အစာများတွင်လည်း အတွင်းတွင် အပုပ်ဓာတ်၊ အချဉ်ဓာတ်တို့ ကိန်းအောင်းနေသဖြင့် မငန်ဘဲ သွေးတိုးစေနိုင်သည်။

ရိုးရာဆေးပညာအယူအဆတွင် လေစာသည်လည်း အဓိကကျသည်။ သွေးတိုးရောဂါကိုကုသသော ရှေးမြန်မာဆရာကြီးများက သွေးတိုးဟူသည် လေတိုးပင်ဖြစ်သည်။ ခန္ဓာကိုယ်တွင်းရှိ ဝါယောဓာတ် တွန်းအားကြောင့် နှလုံးမှသွေးများသည် ခန္ဓာကိုယ်အနှံ့အပြားသို့ လည်ပတ်ပြီး နှလုံးသို့ပင် ပြန်လည်ရောက်ရှိလာသည်ဟု ယူဆကြသည်။ ထို့ကြောင့် လေစာများများစားလျှင် ဝါယောဓာတ်တွန်းကန်အားများပြီး သွေးတိုးလာမည်ဟု ယူဆကြသည်။

လေစာမှန်သမျှ သွေးတိုးစေနိုင်သည်ဟု မြန်မာ့ဆေးပညာရှင်များက ယူဆသည်။ သွေးတိုးသည် လေတိုးဖြစ်သည်။ သွေးဖိအားကို လေကတွန်းသောကြောင့် သွေးတိုးရခြင်းဖြစ်သည်ဟု ယူဆသည်။ လေပွလေပျက်စေသောအစာများကြောင့် သွေးတိုးနိုင်သည်။ ခွေးတောက်ရွက်၊ တမာရွက်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါး၊ မျှစ်ချဉ်၊ ဆူးပုပ်ကြီး၊ တညင်းသီး၊ လက်ဖက်၊ ဝက်သား စသည်များကို သွေးတိုးစေသည့် အစာများအဖြစ်ယူဆသည်။ တစ်နေ့တည်းတွင် လေစာနှစ်မျိုးတွဲစားသူများသည် သွေးတိုးတက်ပြီး ဦးနှောက်သွေးကြောပေါက်ကာ လေဖြတ်သည်ကိုတွေ့ရဖူးသည်။

တက်စာဟူ၍လည်း ရှိသေးသည်။ ငါးသလောက်၊ ငါးမြင်း၊ ငါးတန်၊ ငါးပတ်တို့ကို တက်စာများ ဟုယူဆသည်။ အုန်းနို့ပါသောအစာ၊ အုန်းထမင်း၊ ဒံပေါက်၊ အဆီများသော ဝက်သားနှင့် ဖား၊ ပုရစ်စသော မြေအောင်းသားများကိုလည်း တက်စာဟုယူဆလေသည်။ ထိုတက်စာမှန်သမျှသည် သွေးတိုးစေနိုင်သည်။ ရေသတ္တဝါများတွင် ငါးသလဲထိုး၊ ငါးရှဉ့်၊ ငါးမြွေတိုး၊ ပုစွန်ဆိတ်ကလေး၊ ဂုံး စသော အစာများကိုလည်း တက်စာများဟု အချို့ဆရာကြီးများက ယူဆသည်။ တက်စာမှန်သမျှ သွေးတိုးတက်စေသည်ဟု ယူဆရမည်ဖြစ်သည်။ မြေအောင်းသားများနှင့် မြေအောင်းသည့်ဥများကိုလည်း အကြောတက်စာများဟုယူဆသည်။ အကြောတက်စေရုံမက အခန့်မသင့်လျှင် သွေးကိုလည်းတက်စေသည်။ အနောက်တိုင်းနည်းဖြင့်ဆိုလျှင် Bp 140/90 mmHg အထက်သို့ရောက်စေနိုင်သောအစာများဖြစ်သည်။

**သွေးတိုးရောဂါဘေးမှ ကင်းဝေးစေရန်**

(၁) စိတ်သောကများကို လျှော့ချပါ။
(၂) ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
(၃) အိမ်သုံးဆားအငန်ကို လျှော့၍ စားသုံးပါ။
(၄) အသားနှင့်အသီးအနှံကို မျှတစွာစားသုံးပါ။
(၅) လမ်းလျှောက်ခြင်း(သို့မဟုတ်) ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပြုလုပ်ပါ။
(၆) အလွန်ပြင်းထန်သော အားကစားမလုပ်ပါနှင့်။
(၇) ဝမ်းမချုပ်အောင် အစဉ်ဂရုပြုပါ။ ဝမ်းနုတ်ဆေးကိုစွဲ၍ စားသုံးခြင်းမပြုဘဲ သဘာဝအတိုင်းဝမ်းမှန်အောင် ပြုပြင်ပေးပါ။ အသီးအနှံများများစားခြင်း၊ အိပ်ရာဝင် ရေအဝသောက်ခြင်းဖြင့် ဝမ်းမှန်စေနိုင်ပါသည်။
(၈) အအေးဓါတ်များသောနေရာများတွင် အိပ်စက်ခြင်း မပြုပါနှင့်။ အိပ်စက်လျှင်လည်း စောင်၊ အနွေးထည်များ ဝတ်ဆင်ရန်မမေ့ပါနှင့်။
(၉) အရက်သေစာ၊ ဘီယာ စသည်များကို ရှောင်ကြဉ်လျှင် အကောင်းဆုံးဖြစ်ပါသည်။
(၁၀) ဆေးလိပ်အငွေ့၊ ခြင်ဆေး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ လောင်ကျွမ်းရာမှထွက်သော အငွေ့များမှ ရှောင်ကြဉ်ပါ။
(၁၁) အချိုမှုန့်၊ ဟင်းခတ်မှုန့်၊ အရောင်ဆိုးဆေး၊ ဓာတုပစ္စည်းသုံးစွဲသောအစာများကို ရှောင်ကြဉ်ပါ။
(၁၂) သဘာဝနေရောင်ခြည်နှင့် လေကောင်းလေသန့်ရသောနေရာတွင် နေထိုင်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

ဆားနှင့်အငန်ဓာတ်သည် လူ့ခန္ဓာကိုယ်လိုအပ်ချက်ဖြစ်သဖြင့် ရှောင်လွန်းလျှင် စားလွန်းလျှင်လည်းမကောင်းပေ။ ဆားရှောင်ပါသည်ဆိုသူများသည် ဟင်းခတ်မှုန့်များသုံးစွဲပြီး ဟင်းအရသာကောင်းအောင်ချက်ကြသည်။

ထိုဟင်းခတ်မှုန့်သည် အရသာချိုစေသော်လည်း မူလအရင်းခံမှာ ဆားများသာဖြစ်ကြောင်း သတိမမူမိကြပေ။ အချိုမှုန့်နှင့် ဟင်းခတ်မှုန့်သုံးစွဲသောနေရာတိုင်းတွင် သွေးတိုးရောဂါရောက်ရှိလာသည်ကို သတိပြုကြဖို့လိုသည်။

သွေးတိုးရောဂါဘေးမှ ကင်းဝေးလိုသူတိုင်း၊ အငန်ဓာတ်နှင့် ဆားကိုရှောင်သလို အချိုမှုန့်၊ ဟင်းခတ်မှုန့်တို့ကိုလည်း ရှောင်ကြဉ်ဖို့လိုသည်။ တစ်နေ့လျှင် ဇွန်းတစ်ဝက်စာမျှဖြင့် ခန္ဓာကိုယ်အတွင်းသို့ တစ်နှစ်ကြာလျှင် ရောက်ရှိမည့် ဟင်းခတ်အချိုမှုန့်ပမာဏကို တွက်ဆကြည့်လျှင် သွေးတိုးရောဂါအတွက် ရှောင်ကြဉ်သင့်သည်ကို ဆင်ခြင်နိုင်ပေလိမ့်မည်။

**ကြည်လွင်မြင့်(မုဒြာ)**



**ဆုပြည့်** 09-31815390, 09-792432296
09-31815395, 09-792298138

| | |
|---|---|
| တောင်ကြီး၊ အင်းလေး၊ ဝင်းတသကုလုံ၊ တထောဖြိမ်း) ၆၅,၀၀၀/ | 6+1 FREE Package |
| မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(ငြိမ်း) ၇၀,၀၀၀/ | ချောင်းသာ(ငြိမ်း) ၄၅,၀၀၀/ |
| ဂုဝ်၊ ညောင်ဦး၊ တည်ဆိုခန်းတည်း(ငြိမ်း) ၆၅,၀၀၀/ | ငွေဆောင်(ငြိမ်း)၅၅,၀၀၀/ |
| တာသီးသန့်/ ဧရိတ်ငြိမ်းဆိုအစဉ်များစီးလုံးဂှာဒ်စဉ်ပေးသည်။ | ကျိုက်ထီးရိုး(ငြိမ်း)၃၅,၀၀၀/ |

**အိမ်ရောင်းမည်**
ပဲခူးမြို့၊ ပန်းလှိုင်(၂၄)လမ်း၊ ပေ(၂၅×၇၀)၊ နှစ်ထပ်တိုက်
ဘိုးဘွားပိုင်-အမည်ပေါက်၊ အရှုပ်အရှင်းကင်း
သိန်း(၂၅၀၀) ဖုန်း-၀၉၅၃၀၀၆၆၅

**လှိုင်မင်းလတ်** တာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
**LCCI, MYOB, IFR**

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3-8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ | 09 510 9922 |
| Sec(E) Mon to Fri | 12-3(pm) | | 0979 510 9922 |
| Sec(F) Sat | 11-3(pm) | | 0997 510 9922 |
| Sec(G) Wed | 11-3(pm) | | |


၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

**ကြေညာချက်**

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ၊ (၁)ရက်နေ့မှစ၍ မြန်မာနိုင်ငံအတွက်
အကျိုးသက်ရောက်မှုရှိသော သီးခြားဈေးကွက် ထိုးဖောက်ဖြန့်ဖြူးသူအဖြစ်

**Hardware World**
75/79, Shwedagon Pagoda Road
Latha Township, Yangon, Myanmar.
Tel: +95-1-253-117, 245-401, 245-349, 256-037
Email: hwworld1994@gmail.com

အား WD-40 ကုမ္ပဏီမှ ဝမ်းသာပီတိဖြစ်စွာဖြင့် ခန့်အပ်ကြောင်းကြေညာအပ်ပါသည်။
ကျွန်ုပ်တို့နှင့်အတူ အနာဂတ်တွင် တိုးတက်အောင်မြင်ရေးအတွက် အတူတကွ
လုပ်ဆောင်သွားကြရန် မျှော်ကိုးလျက်ရှိပါသည်။




**ANNOUNCEMENT**

WD-40 Company is pleased to announce the appointment of:

**Hardware World**
75/79, Shwedagon Pagoda Road
Latha Township, Yangon, Myanmar.
Tel: +95-1-253-117, 245-401, 245-349, 256-037
Email: hwworld1994@gmail.com

as **EXCLUSIVE MARKETING DISTRIBUTOR** for **Myanmar** effective 1st January 2015.
Together, we look forward to your continuing support and patronage.

WD-40 COMPANY
1061 Cudahy Place
San Diego, California 92110
www.wd40.com

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မီးရထားရဲဝင်း၊ ကွင်းရပ်၊ မော်လမြိုင်နေ ကိုမြင့်ဇော်နိုင်[၁၀/ပမန(နိုင်)၂၂၀၀၇၁]၏ မိခင်ဖြစ်သူ ဒေါ်စန်းမြင့်(ခ)ဒေါ်ငွေကြည်[၁၀/မလမ(နိုင်)၀၇၈၄၇၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်စန်းမြင့်(ခ)ဒေါ်ငွေကြည်

**မလျိုဆွေဟွ[၁၃/ကမန(ဧည့်)၀၀၀၅၈၅]အား**
**လက်ခံထားသူများသိရှိစေရန် သတိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ကျုံးကြီးလမ်း၊ အမှတ်(၂၅)၊ ၈-လွှာ၌နေထိုင်သော ကိုစိုင်းမိုမိုင်း[၁၃/ကမန(နိုင်)၀၆၅၀၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ဤကြေညာချက်အား ထည့်သွင်းကြေညာခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် ကိုစိုင်းမိုမိုင်းနှင့် မလျိုဆွေဟွတို့သည် ၂၀၀၂ခုနှစ်တွင် စတင်ပေါင်းသင်းခဲ့ပြီးနောက်(၁)မရွှေရည်ဝင်း၊(၂)မမြတ်နိုးကြည်ဖြူ (၃)မောင်စွမ်းထက်လင်းတို့ကို မွေးဖွားခဲ့ပါသည်။ ထိုသို့လင်မယားပေါင်းသင်းနေစဉ် မလျိုဆွေဟွသည် ၈-၄-၂၀၁၅၌ အိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ ထိုသို့ဆင်းရာ၌ Max "X"အမျိုးအစား၊ ယာဉ်အမှတ်(၆D/၁၅၈၃)နက်ပြာရောင် မော်တော်ယာဉ်နှင့်တကွ လက်ဝတ်လက်စားများ၊ လင်မယား(၂)ဦးအမည်ဖြင့် ဝယ်ယူခဲ့သည့်တိုက်ခန်းစာချုပ်မူရင်း၊ ကိုစိုင်းမိုမိုင်းမှ မလျိုဆွေဟွအမည်ဖြင့် ငွေသွင်းပေးထားသည့် ကမ္ဘောဇဘဏ်(လမ်းမတော်)ဘဏ်ခွဲ၌ ဖွင့်လှစ်ပေးထားသည့် ငွေစုစာအုပ်နှင့်တကွ ငွေသားကျပ်(၁၀)သိန်းခန့်ကို ယူဆောင်ကာ အိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။

ထိုသို့သောအခြေအနေတွင် ကျွန်ုပ်အမှုသည် ကိုစိုင်းမိုမိုင်းအနေဖြင့် သားသမီး(၃)ဦးနှင့်အတူ လွန်စွာစိတ်သောကရောက်လျက်ရှိသောကြောင့် မလျိုဆွေဟွအား လက်ခံထားသူများသည် ၎င်း၏ခင်ပွန်းဖြစ်သူ ကိုစိုင်းမိုမိုင်းထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ပို့ဆောင်ပေးရန် ကျွန်ုပ်မှ သတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက မလျိုဆွေဟွအား ဖြားယောင်းသွေးဆောင်လက်ခံထားသူတို့အား ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း ထိုသက်ဆိုင်သူများသို့ သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးညွန့်(LL.B.,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၄၂)
အမှတ်(၁၀/၁၂)၊ ပထမထပ်(အေ-၅)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၇၁၅၉၊ ၀၉-၄၉၃၃၂၉၃၀

# နှစ်နိုင်ငံစီးပွားရေးအခွင့်အလမ်းများဖွံ့ဖြိုးစေရန် ဂျာမန်-မြန်မာစီးပွားရေးကုန်သည်ကြီးများအသင်း အားဖွဲ့စည်းတည်ထောင်

**ရန်ကုန် မေ ၁၇**

ဂျာမန်စက်မှုလက်မှုနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့၏ ဦးဆောင်မှုဖြင့် ဂျာမန်-မြန်မာစီးပွားရေးကုန်သည်ကြီးများအသင်း (GMBC) အား နှစ်နိုင်ငံစီးပွားရေးအခွင့်အလမ်းများဖွံ့ဖြိုးစေရန် နှစ်နိုင်ငံအစိုးရများ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတည်ထောင်လိုက်သည့် GMBC ရုံးခန်းမှာ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI (၁၁ လွှာ)တွင် ဖွင့်ထားကြောင်း မေ ၁၅ ရက်က ဆာကူရာတာဝါတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ GMBC သတင်းစာရှင်းလင်းပွဲတွင် ဂျာမနီနိုင်ငံ စီးပွားရေးသံအမတ် Ms. Laura Ahrens၊ GMBC Ouú| Mr. Jens Knoke၊ GMBC ဘဏ္ဍာရေးမှူး Mr. Philipp Hottman နှင့် ကုန်သည်ကြီးများအသင်း၏ အလုပ်အမှုဆောင် ဒါရိုက်တာဖြစ်သည့် Ms. Monika Staerk တို့က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဂျာမန်-မြန်မာစီးပွားရေးကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ မစ္စတာ Jens Knoke က နှစ်နိုင်ငံကြားတွင် ကျယ်ပြန့်လာသည့် စီးပွားရေးပူးပေါင်းဆောင်မှုများနှင့် ကုန်သည်ကြီးများအသင်းက ဦးစားပေး လုပ်ဆောင်သွားရန်ရှိသည့် စီးပွားရေးကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို အပြန်အလှန် တိုးမြှင့်လာခြင်းကြောင့် နှစ်နိုင်ငံကြားရှိ ကုမ္ပဏီများ ရရှိလာနိုင်သည့် အကျိုးရလဒ်များကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ဆက်ဆံရေးသည် နှစ်ပေါင်း(၆၀)ရှိခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်တို့လည်း ဂျာမနီသို့ သွားရောက်လေ့လာခဲ့ကာ နိုင်ငံတော်အကြီးအကဲများနှင့်လည်း သဘောတူညီမှုများရှိခဲ့ပြီး ဂျာမနီနိုင်ငံမှလည်း မြန်မာနိုင်ငံအား အကြွေး ၅၀ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာသန်း ၅၀၀ လျှော်ခဲ့ပြီး ယခုဂျမာနီအရှေ့နှင့် အနောက်မှ ကုမ္ပဏီများအပါအဝင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှလည်း ဈေးကွက်ရရှိရေး သဘောတူဆောင်ရွက်သွားမည်ဟု ဂျာမနီနိုင်ငံစီးပွားရေးသံအမတ် Ms. Laura Ahrens က ပြောသည်။

ဂျာမန်နိုင်ငံမှ စွမ်းအင်ကဏ္ဍ၊ အထည်ချုပ်စက်ရုံများ၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့်ဈေးကွက်ဖော်ဆောင်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ အလတ်စား၊ အသေးစားစက်မှုကုန်ထုန်လုပ်ငန်းများ၊ ဆေးနှင့်ဆေးဝါးထုတ်လုပ်ငန်း၊ ဓာတုကုန်ထုတ်လုပ်ငန်းများကို ဖက်စပ်လုပ်ငန်းများအပါဝင် နည်းပညာနှင့် ကျွမ်းကျင်မှုသင်တန်းများပေးပြီး၊ အလုပ်ခွင်ကျန်းမာရေးနှင့် အန္တရာယ်ကင်းမှု၊ ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစွာဖြင့် လုပ်ကိုင်သွားမည်ဖြစ်ပြီး အသေးစားစီးပွားရေး လုပ်ငန်းများကို အားပေးကူညီသွားမည်ဟု Ms. Monika Staerk က ပြောသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဂျာမနီမှ တင်ပို့သည့် ပို့ကုန်ပမာဏသည် ယူရို ၁၃၀ မီလီယံရှိခဲ့ပြီး၊ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၀၀ မီလီယံခန့် ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၇၉ ရာခိုင်နှုန်း တိုးတက်မှုရှိလာကြောင်း GMBC ဘဏ္ဍာရေးမှူး Mr. Philipp Hottman က ပြောသည်။

မြန်မာစီးပွားရေး ကုန်သည်ကြီးများအသင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျာမနီနှစ်နိုင်ငံကြားတွင် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် ရည်ရွယ်ထားပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် မြင့်တက်လာခြင်းကြောင့် ရေရှည်တည်တံ့သည့် စီးပွားရေးမိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဂျာမန်-မြန်မာစီးပွားရေး ကုန်သည်ကြီးများအသင်းအနေဖြင့် နှစ်နိုင်ငံကြားရှိကုမ္ပဏီများ စီးပွားရေးအခွင့်အလမ်းများ ပိုမိုချဲ့ထွင်နိုင်ရန် ပေါင်းကူးဆောင်ရွက်ပေးခြင်း၊ စီးပွားရေးကွန်ရက်များ ကျယ်ပြန့်လာရန် ချိတ်ဆက်ပေးခြင်းနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း အစရှိသည့် စီးပွားရေးမြှင့်တင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **သန့်ဇင်ဝင်း**

**ဂျာမန်အရှေ့နှင့် အနောက်မှ ကုမ္ပဏီများအပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှလည်း ဈေးကွက်ရရှိရေး သဘောတူ....**



# ညောင်ဦးမြို့နယ်အကျဉ်းဦးစီးဌာနသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့ကြည့်ရှုစစ်ဆေး

**ညောင်ဦး မေ ၁၇**

ညောင်ဦးတွင် မေ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းဦးဆောင်၍ ညောင်ဦးခရိုင်တရားသူကြီး ဒေါ်သင်းသင်းအောင်နှင့် မြို့နယ်တရားသူကြီး ဦးဇော်မင်းထွန်းတို့ လိုက်ပါလျက် ညောင်ဦးမြို့ အကျဉ်းဦးစီးဌာနသို့သွားရောက်ပြီး အကျဉ်းဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသည့် အကျဉ်းသား(အမျိုးသား၊ အမျိုးသမီး)များထားရှိသည့် အချုပ်ခန်းများသို့ သွားရောက်ပြီး အကျဉ်းသားတစ်ဦးချင်းစီအလိုက် နေရာထိုင်ခင်းနှင့် စားသောက်ရမှုအခြေအနေများ၊ နာမကျန်းဖြစ်ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် စနစ်များနှင့် ကျန်းမာရေးကောင်းမွန်မှု ရှိ၊ မရှိ၊ အကျဉ်းသားများမှ အကျဉ်းဦးစီးဌာန၏ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်းလိုက်နာမှုရှိ၊ မရှိ၊ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ တို့ကိုစစ်ဆေးမေးမြန်းခဲ့ရာ အကျဉ်းသားများမှ မိမိတို့အတွက်အခက်အခဲမရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးနှင့် အဖွဲ့သည် အကျဉ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းရာ ညောင်ဦးမြို့အကျဉ်းဦးစီးဌာနမှ ဦးစီးအရာရှိ (ထောင်မှူး) အောင်နိုင်ဖေက ဌာန၏လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်**(IPRD)


နိုင်ငံတကာလေကြောင်းလိုင်းများတွင် လေယာဉ်မောင်/မယ်များ အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(M.T.F)၏ အသိအမှတ်ပြု Training Centre
အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်း

Flight Attendant & Front Office Course



* အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH&LA (USA) မှ သတ်မှတ်ထားသော Course Guide Line များဖြင့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမ များကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးပါသည်။
* သင်တန်းတက်နေစဉ်အတွင်း ဟိုတယ်သို့ Excursion ပို့ပေးသည်။
* ပြည်တွင်းပြည်ပ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်အတွက် ကူညီပေးသည်။

* သင်တန်းဖွင့်လျှောက်လွှာပိတ်ရက် ( 25. 5. 2015 ) * လူဦးရေကန့်သတ်ထားပါသည်။

STAR RESOURCES
တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှီးမဘက်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302။ www.star-resourcesacademy.com

ရွှေအိုးစည် 50% DISCOUNT ခရီးစဉ်
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 60000/-
[အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက် 100000/-
[အဆင့်မြင့်တောင်ကြီးဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-အင်္ဂါနံနက်ပြန်ရောက်] May 22,29
၂၂၅၊ပန်းဆိုးတန်းလမ်း၊အထက်လမ်း၊ရန်ကုန်မြို့။ 373275, 708342, 0949219404

ကျောင်းကုန်းဆြေ့မှူး၏ ထုံးမှီလို့ကုံးသီစို့
ဖြန့်ချိရေး-ဒေါ်ချိုမာ
ဖုန်း-၀၉-၉၇၈၈၂၆၇၃၃၊ ၀၉-၇၉၄၁၆၆၁၃၁

ရောင်းမည်
သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ရန်ကင်းလမ်း၊ ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ အဆင့်မြင့်ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- 09-5401011, 09-73095677

GETC building a better future
စမ်းချောင်းကျောင်းခွဲ ဇွန်လတွင် ဖွင့်မည်။
ကျောင်းအပ် လက်ခံနေပါပြီ
အမှတ် - ၂၉(A)၊ မြောင်းမြလမ်း၊ ဖုန်း - ၀၉၂၆၁၈၇၄၀၁၇/၈



Pre-school (age 2-6)
နိုင်ငံတကာအသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး



Young Learners (Age 6-14)
Weekend English Program ▸▸ Cambridge Exams



Adult Learners (Age 16 n above)
Communicative English ▸▸ General English ▸▸ IELTS

မြေနီကုန်း 537895, 502775
လှိုင် 530097, 09254148005
တာမွေ 549590, 09254148006
SCHOOL BUS Available

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အောက်ဖော်ပြပါ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းစီမံကိန်းများအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ၆၆ ကေဗွီ ကာမိုင်း-တနိုင်းဓာတ်အားလိုင်း (၇၅)မိုင်
(၂) ၆၆ ကေဗွီ သံတွဲ-ကျိန္တလိဓာတ်အားလိုင်း (၄၀)မိုင်
(၃) ၆၆ ကေဗွီ ဘုတလင်အဝင်/အထွက် ဓာတ်အားလိုင်း(၄)မိုင်
(၄) ၆၆/၃၃ ကေဗွီ၊ (၂×၄၀)အမ်ဗွီအေ ပေါက်ဓာတ်အားခွဲရုံ တိုးချဲ့ခြင်း
(၅) သံတွဲဓာတ်အားခွဲရုံတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ ကျိန္တလိ ဓာတ်အားခွဲရုံ
(၆) ၆၆/၁၁ ကေဗွီ၊ (၅) အမ်ဗွီအေ တနိုင်းဓာတ်အားခွဲရုံ
(၇) ၆၆/၁၁ ကေဗွီ၊ (၁၀) အမ်ဗွီအေ ဘုတလင်ဓာတ်အားခွဲရုံ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၂-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့မှ အောက်ဖော်ပြပါ လုပ်ငန်းရပ်များဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်များရှိ မြို့နယ်များတွင် ရုံးနှင့်ဆေးခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း။
(ခ) မန္တလေးအလုပ်သမားဆေးရုံကြီး ခွဲစိတ်ခန်းဆောက်လုပ်ခြင်း (ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများအပါအဝင်)။
(ဂ) e-Government သုံးပစ္စည်းများဝယ်ယူခြင်း (Desktop Computer,Laptop, Webcam,Colour Printer, Scanner A4,Projector)

၂။ တင်ဒါပုံစံဝယ်ယူရမည့်ရက် - ၂၂-၅-၂၀၁၅ရက်မှ ၂၈-၅-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)
တင်ဒါ Specification - ၁၉-၆-၂၀၁၅ရက်
တင်သွင်းရမည့်ရက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း
တင်ဒါဖွင့်မည့်ရက် - ၂၆-၆-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Opened Tender)များခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Opened Tender)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | 1(T)/MTE/Local/2015-2016 | Tyre | 3795 (Sets) |
| ၂။ | 2(T)/MTE/Local/2015-2016 | Battery | 1400 (Nos) |
| ၃။ | 3(T)/MTE/Local/2015-2016 | Lubricants | 7404 (Tins) |

၂။ ဈေးနှုန်းတင်ဒါသွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက်/အချိန် - ၁၈-၅-၂၀၁၅ရက်၊ နံနက် ၉း၃၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂-၆-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
တင်ဒါပုံစံတစ်စုံ - ၂၀၀၀ကျပ်

**အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၂၅၄၁၉၁၊ ၂၅၄၁၆၈**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးမြင့်ဦး၏ဇနီး ဒေါ်ဟွတ်ဆုန် [၄/ဖလန(နိုင်)၀၀၄၁၄၃]အား ဒေါ်ဗန်နိုင်ဆုန် (Daw Van Nei Sung)(ခ) ဒေါ်မြိုင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**သွေးသည်အသက်**

**အိမ်ရောင်းမည်**

သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ (၄)လမ်း၊ ပေ(၂၀×၆၀)၊ နှစ်ထပ်အုတ်ညှပ်အိမ်၊ အဝီစိရေ၊ မီးစုံ၊ ဂရန်အမည်ပေါက်၊ ကိုယ်တိုင် ရောင်းမည်။ (ညှိနှိုင်းဈေး)
**ဖုန်း-၀၉-၇၃၁၂၆၃၁၁**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ၁/တိုင်းဒေသကြီး/CE | ဖြူးဘူတာတွဲပြင်ဌာနအတွက် အဆောက်အအုံဆောက်လုပ်ခြင်း (၃၀'×၁၅') (အုတ်တိုက်၊ သွပ်မိုး) | ၂၀၀၀ိ/- |
| ၂။ | ၂/တိုင်းဒေသကြီး/CE | ပဲခူးဘူတာပန်းခြံရှေ့နှင့် စည်ပင်ကွန်ကရစ်လမ်းကြားတွင် ကွန်ကရစ်ခင်းခြင်း (၂၁၃'×၁၀'×၆") | ၂၀၀၀ိ/- |
| ၃။ | ၃/တိုင်းဒေသကြီး/CE | မင်းလှဘူတာပလက်ဖောင်းတိုးချဲ့တည်ဆောက်ခြင်း (၄၅၅'×၁၀'×၆") | ၂၀၀၀ိ/- |
| ၄။ | ၄/တိုင်းဒေသကြီး/CE | ပြည်-အောင်လံလမ်းပိုင်း၊ ရွှေတံခါး-တီတွဒ်ကြားတွင်(၄)ပေအကျယ်တံတားတည်ဆောက်ခြင်း | ၂၀၀၀ိ/- |

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၅-၂၀၁၅ ရက် (တနင်္လာနေ့)၊ ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံများကို ၁၇-၅-၂၀၁၅ ရက်မှစ၍ အင်ဂျင်နီယာမှူး(မြို့ပြ)၊ တိုင်း(၆)ရန်ကုန်(ရုံး) ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၈၅၉၃ တွင် ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေရာ၊ နေ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပဲခူးမြို့။ ၂၆-၅-၂၀၁၅ ရက် (အင်္ဂါနေ့)

## ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အလက(၄) ပေ(၁၉၀×၃၀) (R.C) နှစ်ထပ်ကျောင်းဆောင်သစ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်မှုဖြင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ကို မေဖူးဇော် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခွင့်ရရှိခဲ့ပါသည်။ ၎င်းကုမ္ပဏီသည် (B.Q) ပါပုံစံတွင် မပါဝင်ခဲ့သော လျှပ်စစ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် သန့်စင်ခန်းများ၊ (R.C) ခြံစည်းရိုးများ၊ ကလေးကစားကွင်းများနှင့်လမ်းများကို ကုမ္ပဏီမှဆောင်ရွက်ပေးခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏မိဘများကိုယ်စား အထူးပင်ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌ**
**မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အလက(၄) ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်**

စိုးဇင်စာပေ၏စာအုပ်အမှတ် (၁၈)

ဒေါက်တာ စိုးလွင် ထွက်ပြီ
ရှက်ရှက်ရဲ့ အတွင်းဘက်က အနက်ရှိုင်းဆုံး လျှို့ဝှက်ချက်များ အတွဲ(၂)
Tel:01 228297, 09 5049783, 09 450040767

ရွှေပလ္လင် ဖွင့်ပြီ!
ဂမုန်းပွင့် (ကမ္ဘာအေးဘုရားလမ်း)
ရွှေပလ္လင် လက်ဖက်ရည် အရမ်းကောင်းဆိုပဲ!

တွေ့ကြရအောင် ရွှေပလ္လင် မှာ ...
အထူးအော်ဒါများ ဆက်သွယ်ရန် - Ph : 01-538736, 527850, 09-430-46444

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-254151516, 09-43029798, 09-43064181
MDY 09-09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

## Job Positions

Shwe Pyay Myay Co.,Ltd is developing a broad acre commodity production farm based around mechanization and irrigation to international standards.

**Requirements for Farm Machinery Operators:**

1. Heavy machinery operation experience.
2. Ability in English to comprehend Operations Manuals & follow maintenance guidelines.
3. A level of education that enables them to comprehend programming and reporting of machinery monitors and auto steer precision agriculture computers.
4. Prepared to live and work on Pyay Project site- with extended hours required seasonally.
5. A commitment to the values held by the company of honesty and integrity.

**What the company offers-**

a. A negotiable salary and benefits.
b. Staff development to international technologies at the leading edge of agribusiness.
c. A secure and safe working environment.

Interested candidates may submit their application letters, C.V, Passport size photos to
U Tun Lwin - 095162348
E-mail:utl 1940@gmail.com

# မြကျွန်းသာအဆင့်မြင့်အိမ်ယာ

ပုသိမ်မြို့၏ အချက်အချာနေရာများဖြစ်သည့် ပုသိမ်ဟိုတယ်၊ ပုသိမ်ဂေါက်ကွင်း၊ ကန်သုံးဆင့် ပန်းခြံ နှင့် အဝေးပြေးဝန်းတို့အနီးတွင် မကြာခင်ပေါ်ထွက်လာမည့် အဆင့်မြင့်အိမ်ယာ




- မြေကွက်အရွယ်အစားမျိုးစုံ
- Shopping Mall Area
- Shophouse ( လူနေဈေးဆိုင်ခန်းများ)
- အပန်းဖြေအနားယူရန်အတွက်အကောင်းဆုံးပါတ်ဝန်းကျင်
- အဆင့်မြင့်လုံးချင်းများ








အထူးအရောင်းပွဲအား (၁၈.၅.၂၀၁၅) မှ (၂၅.၅.၂၀၁၅) ထိကျင်းပမည်ဖြစ်ပါသည်။

**Yagon Branch**
**Phone no : 01 656799 , 09 792565997**
**Bld no.(50), Parami Road, (16)Qt, Hlaing Township, Yangon.**

**Pathein Branch**
**Phone no : 042 29128**
**Mya Kyun Thar Site Office**

Mya Kyun Thar Housing
*Developed by*
**DIG**
Delta Industrial Group

# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ထူးချွန်အလတ်စား(ဝန်ဆောင်မှု)လုပ်ငန်းရှင်ဆုနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဝန်ဆောင်မှုထူးချွန်မှု ဂုဏ်ထူးဆောင်ဆုတို့ကိုရရှိသော စိမ်းလဲ့တင် Resort(ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ တိရစ္ဆာန်ဉယျာဉ်လုပ်ငန်း၊ အပန်းဖြေဉယျာဉ်လုပ်ငန်း၊ ဓာတုကင်းစင်ဉယျာဉ်လုပ်ငန်း၊ Adventure Land)လုပ်ငန်းများ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာမျိုးမြင့်စိန်အား လှိုက်လှဲဝမ်းသာဂုဏ်ပြုအပ်ပါသည်။

အစဉ်သဖြင့်လည်း တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး အားကြိုးစွမ်းဆောင် နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၀)မှ ကျောင်းဆင်းသူငယ်ချင်းများ


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အရိုးရောဂါအထူးကုဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရ အသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။
(၁) FDAအသိအမှတ်ပြု ဆေးဝါးများနှင့် လူနာသုံးဆေးပစ္စည်းများ
(၂) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(၃) ဓာတ်ခွဲနှင့်သက်ဆိုင်သောပစ္စည်းများ
(၄) အောက်ဆီဂျင်
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာ့ကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၁-၅-၂၀၁၅ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊နေပြည်တော် ဖုန်း ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**နေပြည်တော်ခုတင်(၁၀၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**


၁။ နေပြည်တော် ခုတင်(၁၀၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအား ကုသပေးရန် F.D.Aအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၅-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့
နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး
ဖုန်း-၀၆၇-၄၂၀၆၈၃၊ ၀၆၇-၄၂၀၀၉၇





THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC


Be in
demand.
Be ACCA.
ACCA (Association of Chartered Certified Accountants) helps develop qualified finance professionals who contribute to businesses and economies globally in 180 countries.
Start your finance and accounting career with ACCA today.
Be one of the first 100 to call / sms / email or visit our website and successfully register with our learning partners in Yangon to get an attractive, multipurpose laptop bag FREE*.
Think Ahead
ACCA
95-1-387947
95-9-793660681
www.facebook.com/ACCA.Myanmar
info.myanmar@accaglobal.com
www.accaglobal.com/myanmar/indemand
ACCA Office: No.129, Room 115, 36th Street (Middle Block), Kyauktada Township, Yangon, Myanmar
*Conditions apply, limited to the first 100 successful registrations.

Hot Line No-0930500100

# ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာမှမြေအိုးလုပ်ငန်း အရောင်းသွက်



**ပဲခူး မေ ၁၇**

ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာရှိ မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြစ်သည့် နှစ်ရာထောင်ချီကာလကတည်းက ပြုလုပ်သုံးစွဲခဲ့ကြသော မြေအိုးအမျိုးမျိုးမှာ ယနေ့ချိန်ထိပင် သုံးစွဲလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည့် မျက်မှောက်ခေတ်ကာလတွင် လူ့အသုံးအဆောင်အမျိုးမျိုးအစားထိုး အသုံးပြုနေကြသော်လည်း မြန်မာတို့၏ လက်မှုပညာဖြစ်သည့် မြေဖြင့်ပြုလုပ်ထားသော မြေအိုးအမျိုးမျိုးသည်လည်း အရောင်းအဝယ် သွက်လျက်ရှိနေကြောင်း သိရသည်။

ဘဏ္ဍာကုန်းကျေးရွာသည် ပဲခူး-ရန်ကုန် ကားလမ်းမကြီးဘေး၌တည်ရှိပြီး ကျေးရွာနေပြည်သူများမှာ အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ “ပူပြင်းတဲ့ အခုနှစ်မှာ အရင်နှစ်တွေထက် မြေနဲ့ပြုလုပ်ထားတဲ့ သောက်ရေအိုး၊ သောက်ရေသိုလှောင်ရတဲ့ စဉ့်အိုးတွေ ရောင်းအားပိုကောင်းပါတယ်။ သောက်ရေအိုးတစ်လုံးကို အကြီး ကျပ် ၁၅၀၀၊ အသေး ကျပ် ၁၀၀၀၊ သောက်ရေသိုလှောင်တဲ့ စဉ့်အိုးရာဝင်အိုးကြီးတစ်လုံး ကျပ် ၃၀၀၀၀၊ အိုးလတ် ကျပ် ၁၅၀၀၀၊ အိုးသေးက ကျပ် ၁၀၀၀၀ ရောင်းရပြီး ရန်ကုန်မြို့က အရောင်းဆိုင်တွေကိုလည်း အရောက်ပို့ပေးပါတယ်” ဟု အိုးလုပ်ငန်းအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအချိန်တွင် လူ့အသုံးအဆောင်အမျိုးမျိုးအစားထိုးပေါ်ပေါက်လာသော်လည်း အသစ်ဘယ်လောက်ကောင်းကောင်း အဟောင်းတလည်လည် ဆိုသကဲ့သို့ မြေဖြင့်ပြုလုပ်ထားသည့် မြန်မာတို့ရှေးရိုးရာလက်မှုပညာ သောက်ရေအိုး၊ သောက်ရေသိုလှောင်သည့် စဉ့်အိုးများမှာ သဘာဝအအေးဓာတ်ရသည့်အတွက် နှစ်သက်၍ ဝယ်ယူသုံးစွဲခြင်းဖြစ်ကြောင်း မြေအိုးလာရောက်ဝယ်ယူသူတစ်ဦးက ဆိုသည်။

**မျိုးသိန်း(ပဲခူး)**

## ယနေ့မာတိကာ

အာရှ ယူ-၂၃ ဘော်လီဘော ပြိုင်ပွဲ ကွာတား၌ မြန်မာနှင့် တရုတ်တွေ့ဆုံမည်

စာမျက်နှာ - ၈

---

မန်ယူနှင့်အတူ အကောင်းဆုံးပုံစံရရန် နီးစပ်နေပြီဟု ဒီမာရီယာပြောကြား

စာမျက်နှာ - ၁၃

# စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မာန်အောင်(စမုံတဲ)နှင့် မြောက်ဦးလေဆိပ်များ အဆင့်မြှင့်တင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၃၅၆၅ ဒသမ ၀၆၂၅ သန်းသုံးစွဲမည်

## စစ်တွေလေဆိပ်သို့ လေယာဉ်ကြီးများဆင်း/တက်ပျံသန်းနိုင်ရေးအတွက် လေယာဉ်ပြေးလမ်းတိုးချဲ့

**နေပြည်တော် မေ ၁၇**

ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေလေဆိပ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဧည့်ခန်းမဆောင်သစ်ကို နိုင်ငံတော်မှ ဘဏ္ဍာငွေကျပ် သန်း ၃၆၀ ကျခံ၍ တိုးချဲ့တည်ဆောက်ခဲ့ရာ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။ ဗိသုကာလုပ်ငန်းများအပါအဝင် အမိုးမိုးခြင်း၊ ရေ၊ မီးသွယ်တန်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စစ်တွေလေဆိပ်သို့ Embraer 190-AF နှင့် A320-100 အမျိုးအစားလေယာဉ်ကြီးများဆင်း/တက်ပျံသန်းနိုင်ရေးအတွက် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ၃၀၄၉ ဒသမ ၂၀ ကျပ်သန်းအကုန်ကျခံ၍ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် စစ်တွေလေဆိပ်သို့ ဆင်း/တက်ပျံသန်းသော လေယာဉ်များ၏ ဘေးကင်းလုံခြုံမှုကို ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ Doppler VHF Omnidirectional Range (DVOR)နှင့် Distance Measuring Equipment (DME) တစ်စုံကို အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ သန်းနှင့် မြန်မာငွေကျပ် ၁၀ သန်း ကျခံ၍ ယခုနှစ် မေလအတွင်းတပ်ဆင်မှုများ ပြီးစီးရေးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုးတက်လာသည့် ပြည်တွင်း/ပြည်ပ ခရီးသည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လေဆိပ်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ခြင်းကို ကျပ်သန်း ၁၅၀ အကုန်ကျခံ၍ ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အတူ အထူးစီးပွားရေးဇုန်တည်ရှိရာ ကျောက်ဖြူလေဆိပ်သို့ ပိုမိုကြီးမားသည့် လေယာဉ်များဆင်း/ တက်ပျံသန်းနိုင်ရန်အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆




themirror.npt@gmail.com
www.facebook.com/themirrordaily